ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-7-2008) (၅၇၃၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖြစ်သလိုနေထိုင်စားသောက်သည့် စိတ်ဓာတ်များပယ်ဖျောက်၍ အလုပ်ကို ကြိုးစားလုပ် စနစ်တကျငွေစုဆောင်းကာ မိမိတို့ဘဝကို ပိုမိုမြင့်မားတိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် စိတ်ဓာတ်မျိုးဖြစ်အောင် တာဝန်ရှိသူများက ကျေးရွာများအထိဆင်း၍ ကျေးရွာနေသူများကိုစည်းရုံး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ကွမ်းခြံကုန်း-ဒေးဒရဲကားလမ်းပေါ်ရှိ တောကျောင်းကျေးရွာမှ လယ်သမားကြီး ဦးကျော်မြသန်း၏ ဆင်းနွယ်ရင်မိုးစပါးစိုက်ခင်း၌ စပါးစိုက်ပျိုးရန် လယ်ယာသုံးစက်ကိရိယာများဖြင့် ထွန်ယက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)**နှင့် ကွမ်းခြံကုန်းမြို့ ကန်ကြီးပိုင်းရပ်ကွက်၌ လေဘေးပြန်လည်ထူထောင်ရေး ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်ပွဲ၌ ခင်းကျင်းပြသထားသော ဖိုင်ဘာလှေများကို တွေ့ရစဉ်။** (အောက်ပုံ) (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒေးဒနောစံပြကျေးရွာရှိ လေဘေးကြောင့် ပျက်စီးသွားသော ကျေးရွာမူလတန်းကျောင်းကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ဆောက်လုပ်လှူဒါန်းသော ကွမ်းခြံကုန်း ဒေး-မြန်မာ မူလတန်းကျောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ယနေ့ ဆောင်းပါးအညွှန်း

"ဒီရေတောများသည် ပင်လယ်နှင့်ကုန်းမြေကြားတွင် ပေါက်ရောက်ကြသည့် အပင်အဖွဲ့အစည်းဖြစ်သောကြောင့် လယ်မြေ၊ ယာမြေများအတွင်းသို့ ဆားငန်ရေဝင်ရောက်မှုကို တားဆီးပေးသည့်အပြင် လေပြင်းမုန်တိုင်းဝင်ရောက်မှုဒဏ်ကိုလည်း တားဆီးကာကွယ်ပေးပါသည်။"

မေတ္တာအေး၏ *"သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးစေရန် ဒီရေတောများ ဝိုင်းဝန်းထိန်းသိမ်း"*

(ဆောင်းပါး) စာမျက်နှာ-၆၊၇

ကြေးမုံ The Mirror

၉-၇-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

လေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်တည်ဆောက် စီးပွားရေးလုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသအချို့တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကို လူသားတို့၏ စိတ်ဓာတ်စွမ်းအား၊ စေတနာစွမ်းအား၊ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် ပြန်လည်ထူထောင် တည်ဆောက်နေကြသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရက လေဘေးသင့်ဒေသမှပြည်သူများ၏ နေထိုင်စားသောက်ရေး၊ မူလအသက်မွေးဝမ်းကျောင်း လုပ်ငန်းများပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ချက်များကို အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စေတနာရှင်၊ အလှူရှင်များက စံပြကျေးရွာများတွင် နေအိမ်များ၊ ယာယီစာကြည့်တိုက်၊ ဆေးပေးခန်းများဆောက်လုပ်ရေး၊ လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးဖြန့်ဝေရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသ ကျေးရွာအုပ်စုများသို့ ကျွဲ၊ နွား အကောင်နှစ်ရာကျော်နှင့် လက်တွန်းထွန်စက် အစီးလေးရာကျော် ပေးပို့ပေးထားပြီးဖြစ်ရာ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။

ထို့အပြင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက ငါးဖမ်းစက်လှေအစင်း ၁၅၀၊ ငါးဖမ်းပိုက်မျိုးစုံ ၆၀၈ ဖုံ နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ငါးဖမ်းပိုက်အမျိုးမျိုးအဖုံ ၉၀၀ ကျော်တို့ကို မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရေလုပ်သားများသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။ အလားတူ ဘိုကလေးမြို့နယ်တွင်လည်း ငါးဖမ်းစက်လှေများနှင့် ငါးဖမ်းပိုက်များကို ရေလုပ်သားများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် လေဘေးသင့်ဒေသများအတွင်း ဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေစေရေးအတွက် လမ်းများ ဖောက်လုပ်လျက်ရှိရာ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း၏ ဘိုကလေး-ကြိမ်ချောင်းလမ်းပိုင်းနှင့် ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျွန်းပတ်တာတို့ကို စက်ယန္တရားများ အသုံးပြုလုပ်ကိုင်လျက်ရှိသည်။

ယခုအခါ လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်၏ပံ့ပိုးပေးမှု၊စေတနာရှင်၊အလှူရှင်၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဝိုင်းဝန်းကူညီမှုတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများက မိမိတို့၏ စီးပွားရေးလုပ်ငန်းများအလိုက် ဝီရိယထားကြိုးပမ်းလုပ်ကိုင်ကြခြင်းဖြင့် လူမှုစီးပွားဘဝယခင်ကထက်ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း ကျောင်းဆောင်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၆) လမ်းနေ ဒေါ်ကြည်(ခ) ဒေါ်စောကြည်၏ (၈၅)နှစ်မြောက်မွေးနေ့အလှူအဖြစ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်စဉ်။

(က-ပ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အောင်ဇမ္ဗူလမ်းနှင့် ဥဿဖရားလမ်း ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

(၁၉)

ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၅၇) ရပ်ကွက်၌ ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီး ဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က နည်းပညာ ကူညီပံ့ပိုးခဲ့သည့် အောင်ဇမ္ဗူလမ်းနှင့် ဥဿဖရားလမ်း ကတ္တရာလမ်းသစ်များဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ လမ်းသစ်များကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၅၇) ရပ်ကွက်ရှိ အောင်ဇမ္ဗူလမ်းနှင့် ဥဿဖရားလမ်း ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီခွဲတွင် အောင်ဇမ္ဗူလမ်းရှိ မုခ်ဦးရှေ့၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်တိုင်းအသင်းအတွင်းရေးမှူး ဦးအေးမြင့်နှင့် လမ်းသစ်များ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစံလင်းတို့က လမ်းသစ်များကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကတ္တရာလမ်းသစ်များကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အောင်ဇမ္ဗူလမ်းနှင့် ဥဿဖရားလမ်း ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ဓမ္မာယောသက မဏ္ဍပ်ရှိ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ကတ္တရာလမ်းသစ်များဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး အမှတ် (၅၇)ရပ်ကွက်ဥက္ကဋ္ဌ ဦးအုံးသိန်းက ပေးအပ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၁၀၄၇ စောင်ကို လက်ခံကာ အသင်းဝင် အသိအမှတ်ပြုကတ်များ ပြန်လည်ပေးအပ်သည်။

အောင်ဇမ္ဗူလမ်းသည် အရှည်ပေ ၂၁၅၀ နှင့် အကျယ် ၁၂ ပေရှိပြီး ဥဿဖရားလမ်းသည် အရှည်ပေ၉၀၀ နှင့် အကျယ် ၁၂ ပေရှိကာ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးခဲ့၍ ပြည်သူများ ရာသီမရွေး စိတ်ချမ်းမြေ့စွာ လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ (၁၉)

ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၅) ရန်ကုန်တိုင်း(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ လစဉ်ပုံမှန်အစည်းအဝေးကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အဖွဲ့ဝင်နှင့် စည်းရုံးရေးလုပ်ငန်းအဖွဲ့ (၁၄၊၁၅) အဖွဲ့ဝင် ဗိုလ်မှူးကြီးစစ်မြိုင်(အငြိမ်းစား)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့ပေးအပ်သော ဆန်အိတ် ၅၀၀နှင့် သွပ် ၂၉၂ ချပ်၊ သံမျိုးစုံ ၁၅ ပိဿာကိုလည်းကောင်း၊ ရန်ကုန်တိုင်း(စည်ပင်ပြင်ပ)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့သည့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူနှင့် ဂုဏ်ထူးရရှိသူ မှော်ဘီမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၂၀၀၀၀ ကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ရန်ကုန်တိုင်း (စည်ပင်ပြင်ပ)စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗိုလ်မှူးကြီး စစ်မြိုင်(အငြိမ်းစား)က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(က-ပ)

ကော့မှူးမြို့နယ် ကသစ်ကုန်းကျောင်း ဝါဆိုသင်္ကန်းအလှူ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ကသစ်ကုန်းကျောင်းတိုက် အရိမဒ္ဒနာရာမပရိယတ္တိစာသင်တိုက် (အဂ္ဂမဟာပဏ္ဍိတ) ကသစ်ကုန်းဆရာတော်ကြီး၏တပည့် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ အမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ စုပေါင်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၁ရက်) ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီးရှိ သစ်လုပ်ငန်းမဏ္ဍပ်၌ ကျင်းပမည်ဖြစ်၍ စေတနာရှင်များ ကြွရောက်လှူဒါန်း ပူဇော်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

သံဃာအပါး ၁၀၀၀ အရုဏ်ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက်၊ ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်းသည် ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်တော်မူကြသော သံဃာအပါး ၁၀၀၀ နှင့် သာသနာ့နွယ်ဝင်သီလရှင်အပါး ၁၀၀ တို့ကို (တနင်္လာနေ့)တိုင်း အရုဏ်ဆွမ်းလောင်းလှူခဲ့ရာ ယခုနှစ် အကြိမ် ၂၀ မြောက် ပထမဆွမ်းပတ်အဖြစ် ဇူလိုင် ၂၁ ရက် (တနင်္လာနေ့)တွင် ဆွမ်း၊ ဆွမ်းဟင်းများ၊ ဆွမ်းဆန်တော်များ စတင်လောင်းလှူကြမည် ဖြစ်သည်။ စေတနာရှင်များသည် အသင်းတည်ရှိရာ အမှတ် (၀၀၁) ရွှေလိပ်ပြာအိမ်ရာ ပန်းလှိုင်ရပ်ကွက်မဏ္ဍပ်ရှိ ကြည့်မြင်တိုင်မြို့နယ်သို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပခုက္ကူခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ရေလှောင်တမံစီမံကိန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၈

မကွေးတိုင်း ပခုက္ကူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုး၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာအုပ်စုနှင့် ကွမ်းရွာအုပ်စုရှိကြီးရွာလျှပ်စစ်မြစ်ရေတင်ဒေသကြီး အမှတ် (၁)မှ စီးဆင်းနေသော ရေဖြင့်စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော ယာမှလယ်ပြောင်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မကွေးတိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးကျော်တင့်က ကျွဲတဲအုပ်စု၌ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မိုးစပါး ဧက ၇၀ စိုက်ပျိုးပြီးစီးမှု၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၁၃၅ ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်နေမှု၊ ကွမ်းရွာအုပ်စု၌ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မိုးစပါး ၅၈၄ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၁၁၉၃ ဧကတိုးချဲ့စိုက်ပျိုးသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ပခုက္ကူမြို့ ကြီးရွာလျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကြီးရွာလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က ကြီးရွာလျှပ်စစ်မြစ်ရေတင် စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ပခုက္ကူခရိုင်စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ပင်မမြောင်း၊ လက်တံမြောင်း ၁၂ ခုနှင့် လက်တံခွဲမြောင်း၁၉ခုတို့ဖြင့် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က လုပ်ငန်းများ ဆောလျင်စွာ ပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားသည်။

အဆိုပါမြစ်ရေတင်စီမံကိန်းပြီးစီးပါက ပခုက္ကူခရိုင်အတွက် ဧက ၅၀၀၀ ကို အကျိုးပြု ရေသွင်းစိုက်ပျိုးသွားနိုင်မည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ မကွေးတိုင်း တာဝန်ခံ ဦးတင်မောင်ဝင်းက ပခုက္ကူခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ၏ တည်ဆောက်ပြီးအခြေအနေများ၊ တည်ဆောက်ဆဲအခြေအနေများ၊ တည်ဆောက်ရန်ကျန်ရှိနေသည့် အခြေအနေများနှင့် စီမံကိန်းများဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်ကလိုအပ်သည်များကိုမှာကြားပြီး ကျေးရွာလျှပ်စစ် မြစ်ရေတင် စီမံကိန်းအတွင်းရှိလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ်(ပခုက္ကူ)ရှိ ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခေတ္တကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ပျိုးပင်များကို ပေးအပ်ပြီး လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ် (ပခုက္ကူ) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါက်တာ မင်းဇော်အောင်က ကျောင်းသား၊ ကျောင်းသူ ၃၀၀၀ကျော် တက်ရောက်ပညာသင်ကြားနေမှုနှင့် ပညာရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နည်းပညာတက္ကသိုလ်(ပခုက္ကူ)သည် ၁၉၉၉ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းအဆင့်မှ ၂၀၀၂ ခုနှစ်တွင် အစိုးရနည်းပညာကောလိပ်အဆင့်သို့ လည်းကောင်း၊ ၂၀၀၇ခုနှစ်တွင် နည်းပညာတက္ကသိုလ်အဆင့်သို့ လည်းကောင်း နိုင်ငံတော်မှအဆင့်မြှင့်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မှာကြား

ထို့နောက်ဗိုလ်ချုပ်ခင်ဇော်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်နည်းပညာတက္ကသိုလ်(ပခုက္ကူ)၏ စာသင်ခန်းများ၊ Drawing Room၊ e-Library၊ Computer room၊ Assembly Hall၊အလုပ်ရုံနှင့် ကျောင်းအုပ်ကြီးရုံးခန်းတို့အား လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းဘေးဝဲယာရှိနှမ်းစပါးစိုက်ခင်းများ၊ယာသီးနှံစိုက်ခင်းများနှင့်ကြက်ဆူစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရေစကြိုမြို့နယ် စည်သာကျေးရွာအုပ်စု၊ ငွေးချိုရွာရှိ လယ်မှ ယာပြောင်း စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်းစိုက်ပျိုးရေးမန်နေဂျာဦးမြင့်ကျော်တင့်က ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်ကစိုက်ကွင်းများကောက်ကွက်ပြည့်မီရေးနှင့် ရေကို မှန်မှန်ကန်ကန်သုံးစွဲရေးတို့ကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် တောင်သူ ဒေါ်ငွေမြိုင်၏ လယ်မှယာပြောင်း ရွှေမြန်မာ တစ်မိုးနှစ်သီးပျိုးပင်များစိုက်ပျိုးနေမှု၊ ငွေးချိုရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များ၊ ကြက်ဆူစေ့များ၊ ဒီဇယ်အစားထိုး ကြက်ဆူဆီမီးဖိုနှင့် ကြက်ဆူဆီဖြင့် ရေစုပ်စက်ခုတ်မောင်းပြီး ရေပေးသွင်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးကြသည်။

အကျိုးပြု

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်ရေစကြိုမြို့နယ် ငွေးချိုရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး ဗိုလ်ချုပ် ခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။ ငွေးချိုရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ရေသွင်းအကျိုးပြု ဧရိယာဧက ၄၀၀ ဖြစ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းရှိ စည်သူရှင်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်ရန်အောင်မြင်ခန်းမ၌ရေစကြိုတပ်နယ်မှအရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ ရေစကြိုတပ်နယ်ရှိ အရိပ်ရလေကာပင်ပျိုးပင်များ၊ ပျိုးကိုင်းပင်များ စိုက်ပျိုးထားရှိမှုနှင့် စံပြကြက်ဆူစိုက်ခင်း လေးဧကစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ရေစကြိုမြို့နယ် ဝါယာသာစည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝါယာသာစည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိ၍ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားကာ ဝါယာသာစည် လျှပ်စစ်မြစ်ရေတင် လုပ်ငန်း၏ ကီလိုဝပ် ၂၅၀ မော်တာ ၁၀ ကျူ့ပန့် သုံးစုံ တပ်ဆင်ထားမှုနှင့် လုပ်ငန်းလည်ပတ်နေမှုပင်မတူးမြောင်း မကြီးထဲသို့ ချင်းတွင်းမြစ်ရေများ ထည့်သွင်းမောင်းနှင်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မြစ်ရေတင်စီမံကိန်း ရာနှုန်းပြည့် ပြီးစီးပါက ဆည်ရေသောက် ဧက ၃၀၀၀ အား အကျိုးပြုနိုင်မည်ဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်ရေစကြိုမြို့နယ်ခင်မွန်ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိ၍ ခင်မွန်ရေလှောင်တမံစီမံကိန်းရှုရပ်ဆောင်မှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ရွှေစည်အရှင်နန္ဒာသိရီ ဝါတွင်းဓမ္မသဘင်

ရန်ကုန် ဇူလိုင် ၈

မန္တလေးမြို့ နန်းတော်ရှေ့ မင်္ဂလာရာမရွှေဘိုတိုက် ထေရဝါဒကျောင်း ပဓာနနာယက နယ်လှည့်ဓမ္မကထိကအကျော် ရွှေစည်အရှင်နန္ဒာသိရီ ဆရာတော် အရှင်သူမြတ်သည် စစ်ကိုင်းမြို့ ကံတလူဘုရားဓမ္မသဘင်၌ (ဝါဆိုလဆန်း ၁၀ရက်) ဇူလိုင် ၁၂ရက်တွင်လည်းကောင်း၊ ဝါဆိုလဆန်း ၁၄ရက် ရတနာပုံမြို့သစ် သာသနာ့နုဂ္ဂဟဘုံ ဆွမ်းလောင်းအသင်း၌လည်းကောင်း၊ ဝါဆိုလပြည့်နေ့ မွန်းလွဲ၂နာရီတွင် စိတ္တရမဟီရပ် ဆုတောင်းပြည့်ဘုရားနှင့် ယင်းနေ့ည ၇နာရီ တွင် ဆိုင်းတန်းရပ် (၂၅)လမ်း ရွှေဘုံသာဘုရား ဓမ္မသဘင်၌လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၄ ရက် ည ၇နာရီတွင် ၁၉လမ်း ဇဋ္ဌိလရပ်၌လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ချမ်းသာကြီးဘုရားနှင့် ယင်းနေ့ည ၇နာရီတွင် ပုသိမ်ကြီးမြို့ ကြည်ကုန်းရပ်ဓမ္မသဘင်၊ ဝါဆိုလကွယ်နေ့ မွန်းလွဲ ၂နာရီတွင်(၁၉)လမ်းရတနာမဋ္ဌုဘုရား နှင့် ယင်းနေ့ည ၇ နာရီတွင် (၂၂)လမ်း အေးသုခဓမ္မာန်တို့၌ ဝါတွင်းဓမ္မဗိမာန်သဘင်တရားပွဲများ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။(က-ပ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ရုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး နှိမ်နင်းရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၄ရက် မွန်းလွဲ ၁နာရီက တာမွေမြို့နယ် အထက(၃) ကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်က အမှာစကားပြောကြားပြီးရန်ကုန်တိုင်း ရဲတပ်ဖွဲ့ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အနေးယာဉ်ဌာနစုမှူး ဒုတိယရဲမှူး ရွှေဝင်းနှင့် အမှတ်(၄) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ခင်မောင်တို့က ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၄၇၅ ဦး တို့အားယာဉ်မတော်တဆမှုအန္တရာယ်ကင်းဝေးရေးအတွက်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးများကို ပရိုဂျက်တာရုပ်ပုံကားချပ်များနှင့်ပြသ၍ ပညာပေးဟောပြောပို့ချခဲ့သည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၆ ရပ်ကွက် ပါရမီလမ်းနေ အဘိုးဦးထွန်းမြင့်၊ သမီး-မနွယ်နီမြင့်၊ မြေး-မသဲသဲထွေးတို့၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေးတိုင်း မိတ္ထီလာမြို့ မြို့မရပ်ကွက်ရှိ သာသနာ့ဗိမာန်၌ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဒေသအာဏာပိုင်များ၊ စေတနာရှင် အလှူရှင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ညနေ ၃ နာရီခွဲတွင် မန္တလေးတိုင်း မိတ္ထီလာမြို့ မြို့မရပ်ကွက်ရှိ သာသနာ့ဗိမာန်၌ ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအာဏာပိုင်များ၊ စေတနာရှင်အလှူရှင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့်တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် စေတနာရှင် အလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူ့ဘောင်အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စအဝဝဖြစ်သည့် ကုန်ထုတ်လုပ်ရေး၊ပညာရေးနှင့် ကျန်းမာရေးတို့၌ နည်းပညာများအသုံးပြု၍ ဆောင်ရွက်နေသော ခေတ် ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်နည်းပညာ အထောက်အကူများဖြင့် တိုးမြှင့်ဆောင်ရွက်လျက် ရှိရာတွင် နိုင်ငံတော်၏လူငယ်လူရွယ်များအတွက် ခေတ်မီနည်းပညာများ သင်ယူနိုင်သည့် အခွင့်အလမ်းများလည်း တိုးတက် ပွင့်လင်းနေပြီဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံ၏ အများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ ပညာဗဟုသုတ တိုးပွားရေးအတွက် စာအုပ်စာတမ်းများနှင့် လက်လှမ်းတမီဖြစ်စေရန်နှင့် စာပေဖတ်ရှုသည့်အလေ့အထ စွဲမြဲလာစေရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ကျေးလက်နေပြည်သူများ၏ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဗဟုသုတ အတွေ့အကြုံ ပိုမိုရရှိလာစေရန်အတွက် စာအုပ်၊ စာတမ်းများဖတ်ရှုလေ့လာသည့်အလေ့အကျင့်များ တိုးပွားလာစေရေးကို ယခုကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်း၌ အင်အားကြီးနိုင်ငံ တချို့သည်မီဒီယာများဖြင့် လွှမ်းမိုးလျက် အခြားသောနိုင်ငံငယ်လေးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ထိုးဖောက်ကြိုးကိုင် ခြယ်လှယ်နိုင်အောင် ကြိုးစားအားထုတ်နေကြကြောင်း၊ ယင်းသို့ ခြယ်လှယ်မှုမခံရအောင် မိမိတို့၏ နိုင်ငံသားများသည် အသိပညာ၊ ဗဟုသုတ ကိုယ်ခံအား ကောင်းရန်လိုကြောင်း၊ ထိုသို့ ကိုယ်ခံအားကောင်းစေရေးမှာ ခေတ်နှင့်အညီ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို စာပေဗဟုသုတ ကြိုးစားရှာဖွေ လေ့လာခြင်းဖြင့် ဖြည့်ဆည်းကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှိလာအောင် ၂၀၀၃ခုနှစ်မှစတင်၍ထူထောင်ဆောင်ရွက်ခဲ့ရာ ၂၀၀၆ခုနှစ်တွင် ကျေးရွာအားလုံး၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၅၅ကို ထူထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ ထူထောင်ခဲ့ရာ၌ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့်စေတနာရှင် ပြည်သူများ၏အား ဆိုသည့်အား (သုံး)အားဖြင့် ထူထောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ မှတ်တမ်းများအရ စေတနာရှင်ပြည်သူများ၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရေး (ဗဟို)သို့ လှူဒါန်းခဲ့သည့်အလှူငွေပေါင်းမှာ ငွေကျပ်သိန်းပေါင်း ၂၅၀၀ကျော်နှင့်စာအုပ်၊စာစောင်၊ ပရိဘောဂနှင့်ပစ္စည်းများ တန်ဖိုးငွေကျပ်သိန်း ၃၀၀၀ခန့် စုစုပေါင်း ငွေကျပ်သိန်း၅၀၀၀ကျော်ကို စေတနာထက်သန်စွာဖြင့် လှူဒါန်းခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့ရကြောင်း၊၎င်းလှူဒါန်းမှုစာရင်းများတွင် မပါဝင်ဘဲ နိုင်ငံတစ်ဝန်း မိမိတို့ကျေးရွာဒေသအလိုက် သီးခြားလှူဒါန်းထူထောင်ခဲ့ကြသည့် ငွေကြေးနှင့် ပစ္စည်းတန်ဖိုးပမာဏများ များစွာရှိသေးကြောင်း။

နိုင်ငံတော်ကလည်း ငွေကျပ်သိန်းပေါင်းများစွာ မတည်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ လုပ်ဆောင်ရာ၌ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီး စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များတိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက် အဆောက်အအုံမရှိသေးသည့်ကျေးရွာများ၌ အဆောက်အအုံရှိလာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်စွာရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သောစာကြည့်တိုက်မှူးများရရှိစေရန် လေ့ကျင့်ပျိုးထောင်သွားရေးဆိုသည့် လုပ်ငန်းစဉ် (၅)ရပ်ကိုချမှတ်၍ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင် ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့အသီးသီးတို့၏အားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အားဆိုသည့် အား(လေး)အားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းလုပ်ငန်းစဉ်များသည် တိုင်းပြည်နှင့်ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်နေသော အမျိုးသားရေး တာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဒေသအလိုက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီများဖွဲ့စည်းကာ စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက မိတ္ထီလာခရိုင်အတွင်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အလှူရှင်များ၏ လှူဒါန်းမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖြစ်မြောက်ရေးအတွက်အလှူငွေများကို ပေးအပ်လှူဒါန်းရာ မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က ပေါက်ချောင်းရပ်ကွက်နေ ပြည်သူများ၏ လှူဒါန်းငွေ၊ ဈေးအရှေ့ပြင်ရပ်ကွက်နေ ဗိုလ်မှူးသန်းမြင့်ဦး(အငြိမ်းစား)၊ ဇနီး ဒေါ်ခင်စန်းရီတို့၏ လှူဒါန်းငွေ၊ မြို့ပေါ်ရပ်ကွက်ကိုးရပ်ကွက်မှပြည်သူများ၏ လှူဒါန်းငွေနှင့် ကျေးရွာ ၂၅ ရွာမှ ကျေးရွာသူ ကျေးရွာသားများ၏ လှူဒါန်းငွေကျပ်သိန်း၅၀စီ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန့်က ကျေးရွာ၂၅ရွာမှ ပြည်သူများ၏ လှူဒါန်းငွေ၊ သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်က ကျေးရွာ ၂၅ ရွာမှ ပြည်သူများ၏ လှူဒါန်းငွေနှင့် ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရက ကျေးရွာ ၂၅ ရွာမှ ပြည်သူများ၏ လှူဒါန်းငွေကျပ် သိန်း ၅၀ စီ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း စုစုပေါင်း ငွေကျပ်သိန်း ၃၅၀ ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

ညောင်ကန်အေးသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ညောင်ကန်အေးဆရာတော် အမှူးပြုသော သံဃာတော်အပါး ၅၀ တို့အား (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်နေ့) ၁၇-၇-၂၀၀၈ (ကြာသပတေးနေ့)တွင် သာသနသီတလ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ နံနက် ၇ နာရီမှ ၉ နာရီအတွင်း အလှူရှင်များကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ပြီး နံနက် ၉ နာရီခွဲတွင် ရေစက်ချ အနုမောဒနာတရား နာကြားမည်ဖြစ်သည်။

လှူဖွယ်ပစ္စည်းများကိုလည်း သင်္ကန်းဒွိစုံ တန်ဖိုးငွေကျပ် ၃၅၀၀၊ မိမိနှစ်သက်ရာ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆေးဝါးပစ္စည်းလေးပါးဖြစ်စေ၊ သဒ္ဓါပြဋ္ဌာန်းတတ်စွမ်းသမျှ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ချမ်းမြေ့သာစည်ကျောင်း ဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်ပွဲနှင့် ဘောဇနသုခကျောင်းဆောင် ရေစက်ချလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၈

မြောင်းမြကြိုးတံတားအနီး ချမ်းမြေ့သာစည်ကျောင်းတွင် အဌမအကြိမ် ဝါဆိုသင်္ကန်း လှူဒါန်းဆက်ကပ်ပွဲနှင့် ဘောဇနသုခ ကျောင်းဆောင် ရေစက်ချလှူဒါန်းပွဲကို ဇူလိုင် ၁၇ရက်(ဝါဆိုလပြည့်နေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာတော်အရှင်အဂ္ဂညာဏ (ချမ်းမြေ့) အမှူးရှိသော သံဃာတော် ၂၄ပါးတို့အား သင်္ကန်း၊ ထီး၊ ဖိနပ် အစရှိသော ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်မည်ဖြစ်ရာ အလှူရှင်များကြွရောက် ကြည်ညိုကြရန် ဖိတ်ကြားထားသည်။

(က-ပ)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဇူလိုင်လအတွက်
(၁၃-၇-၂၀၀၈) ရက်နေ့
နှင့်
(၂၇-၇-၂၀၀၈) ရက်နေ့

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၁၀)
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ပျော်ရွှင်ပါစေ အပိုင်း(၄၁)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေး တေးကဗျာ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ဖြူစင်ခြင်းရဲ့နောက်ကွယ် အပိုင်း(၂)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

ရောဝတီတိုင်းအတွင်းရှိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့သို့ ရောက်ရှိပြီး မအူပင်မြို့ ညှော့်ရိပ်သာ၌ မအူပင်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဖျာပုံမြို့၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဧရာဝတီတိုင်း လှေတည်ဆောက်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မအူပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွန်နှင့် မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကိုကိုက မအူပင်ခရိုင်၏ စီးပွားရေး၊ လူမှုရေး အခြေအနေများမှာ တိုးတက်ကောင်းမွန်သည့် အခြေအနေရှိသော်လည်း ယခုထက် ပိုမိုတိုးတက်အောင် အားသွန်ခွန်စိုက်ကြိုးစား လုပ်ကိုင်ကြစေလိုကြောင်း ဖြင့်ပြောကြားကာတာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက်ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည်ကျိုက်လတ်မြို့သို့ရောက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကကြိုဆိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုသည် ကျိုက်လတ်မြို့ ရွှေရတုညှော့်ရိပ်သာ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာကျိုက်လတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထင်က ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကိုကိုက ကျိုက်လတ်မြို့နယ်သည် လေဘေးသင့်ဒေသတွင် ပါရှိ၍ ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးတို့ကိုမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့သို့ ရောက်ရှိပြီး ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့် စာကြည့်တိုက်၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဦးလွင်က ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က မိုးစပါး အပါအဝင် မိုးသီးနှံများ စိုက်ပျိုးရေး၊ နေရေး၊ စားရေးနှင့် ရေလုပ်ငန်းဆိုင်ရာ အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုက ဖျာပုံခရိုင်အပါအဝင် ဧရာဝတီတိုင်း လေဘေးသင့် ဒေသများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စေတနာအပြည့်အဝထား၍ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး ဖိဖိစီးစီး ဆောင်ရွက်ပေးသကဲ့သို့ အလှူရှင်များ၊ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကုမ္ပဏီများကလည်း ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသပြန်လည် ထူထောင်ရေးအတွက်အင်နှင့်အားနှင့်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက်ဗိုလ်ချုပ်ကိုကို၊ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဧရာဝတီတိုင်းလှေတည်ဆောက်ရေးစခန်းသို့သွားရောက်၍ ဦးချွန်း၊ ပဲ့ချွန်း ၂၁ ပေ ငါးဖမ်းစက်လှေ တည်ဆောက်မှုနှင့် စက်လှေအတွက်အထောက်အကူပစ္စည်းများနှင့် ငါးဖမ်းပိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ဖျာပုံမြို့အတွင်းပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုသည် ဘိုကလေးမြို့သို့ ရောက်ရှိပြီးဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင်ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုးသိန်းကဘိုကလေးမြို့ပြန်လည်ထူထောင်ရေးအခြေအနေများကိုရှင်းလင်းတင်ပြရာဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ဘိုကလေးမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကွယ်လွန်သူဖခင်ကြီး ဦးတင်ခိုင် (ထွေ/အုပ်ညွှန်မှူး-ငြိမ်း)အား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလ ရပ်ကွက် တိုက် ၁၆နေဒေါ်နုခင်နှင့်သားသမီးတစ်စုတို့က ဒဂုံမြို့နယ် စကားဝါလမ်းမင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မော်လမြိုင်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၈

မော်လမြိုင်အသင်း (ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဝါဆိုလပြည့် (ဓမ္မစကြာနေ့)၂၀၀၈ခုနှစ် ဇူလိုင် ၁၇ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပင့်သံဃာ ၅၀တို့အား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်လှူဒါန်းပါရန်ဖိတ်ကြားထားသည်။

ပင့်သံဃာများဆွမ်းဆက်ကပ်ခြင်းနှင့် ဧည့်ပရိသတ်များအား(ဒေါ်ခင်စိန်)တူ၊တူမများ ပုလဲကွန်ဒို အိမ်ရာက ကုသိုလ်ပြုလှူဒါန်းမည်ဖြစ်ပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသင်းဥက္ကဋ္ဌဦးရွှေဘော် ဖုန်း-၅၄၁၇၅၅၊ အတွင်းရေးမှူးဦးမောင်မောင်ဝင်း ဖုန်း-၃၈၅၉၅၆၊ ဦးကျော်မင်း(ဘဏ္ဍာရေးမှူး)ဖုန်း-၂၉၃၆၈၃၊ဒေါ်ခင်နွယ်(စည်းရုံးရေးမှူး) ဖုန်း-၆၅၁၀၉၁ နှင့် အသင်းဓမ္မာရုံ ဖုန်း-၂၅၆၁၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

၁၀ရက်တရားစခန်းနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၈

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့်၊ အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင်သမထဝိပဿနာ အလုပ်တရားတော်မြတ်ကြီးကို ကမ္ဘာ့ဌာန်း နည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇူလိုင် ၁၅ရက်မှ ၂၄ရက်အထိ မွန်းတည့် ၁၂နာရီမှ ညနေ၅နာရီအတွင်း စမ်းချောင်းမြို့နယ် မင်းလမ်းအမှတ် (၁၄)ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်၍ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်းနှင့် (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်ရာ ဖုန်း-၅၁၉၀၉၆ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကြည့်ရှု

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့ ဗဟိုကွပ်ကဲရေးစခန်း၌ ချီကျိဗုဒ္ဓဘာသာ ဖောင်ဒေးရှင်းမှ လှူဒါန်း သည့် မျိုးစပါးအိတ်များကို ကြည့်ရှုစဉ်။ (စွမ်းအင်)

ကွမ်းခြံကုန်းမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ညောင်ငူကျေးရွာ၌လေမုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ဒေးမြန်မာအခြေခံပညာ မူလတန်းကျောင်းကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ချိတ်ဆက်ဘလောက်တုံးများ (Interlocking Concrete Block)အသုံးပြု၍ ပြန်လည်တည်ဆောက်နေသော တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာဝန်ကြီးသည်ကျောင်းအတွင်း၌ကျောင်းဆောင်သစ် ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌဦးသန်းမြင့်ကချိတ်ဆက်ဘလောက်တုံးများပြုလုပ်ပုံနှင့်ရရှိလာမည့်အကျိုးကျေးဇူးများ၊ တည်ဆောက်ပုံနည်းစနစ်များ၊ ဆောင်ရွက်သွားရမည့်အစီအစဉ်များကိုရှင်းလင်းတင်ပြရာ ဝန်ကြီးက ဒေသထွက်ဂဝံမြေများကို အသုံးပြု၍ တည်ဆောက်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာမည်ဖြစ်သကဲ့သို့ နောင်တွင်ဒေသခံများကိုယ်တိုင် ထုတ်လုပ်အသုံးချသွားနိုင်မည် ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနက သတ်မှတ်ပုံစံဒီဇိုင်းအတိုင်းတည် ဆောက်သွားရန်၊ သပ်ရပ်ခိုင်ခံ့ရေး ဂရုပြုတည်ဆောက်သွားရန်နှင့် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ချိတ်ဆက်ဘလောက်တုံးများဖြင့် တည်ဆောက်သွားမည့် ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်သွားရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့နယ် ထန်းတောရပ်ကွက်ရှိ လေဘေးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လူနေအိမ်များကို အေးရှားဝေါလ်ကုမ္ပဏီက အမြဲတမ်းအိမ်ရာများတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ပြီး ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ အမြဲတမ်းနေအိမ်များကို ဝင်ရောက်ကြည့်ရှုကာ ခိုင်ခံ့သပ်ရပ်ရေးနှင့် သတ်မှတ်ရက်အတွင်းအချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ ပြန်လည်ထူထောင်ရေး ဗဟိုကွပ်ကဲရေးစခန်း၌ ကျင်းပသော ချီကျိဗုဒ္ဓဘာသာ ဖောင်ဒေးရှင်းက လှူဒါန်းသည့် မျိုးစပါးတင်း ၁၃၃၂၀၊ ယူနိုက်တက်အင်ဂျင်နီယားရင်း ကုမ္ပဏီက လှူဒါန်းသည့် အသင့်စား ခေါက်ဆွဲထုပ်၁၀၀၈၀၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကလှူဒါန်းသည့် ဆန်နှင့် အသုံးအဆောင်၊ အဝတ်အထည်၊ ဆေးမျိုးစုံတို့လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ချီကျိဗုဒ္ဓဘာသာ ဖောင်ဒေးရှင်းမှ Mr.Wongက မျိုးစပါးများလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ချီကျိဗုဒ္ဓဘာသာ ဖောင်ဒေးရှင်းက မျိုးစပါးများကို လယ်သမား ကိုယ်စားလှယ်များထံလည်းကောင်း၊ ယူနိုက်တက်အင်ဂျင်နီယားရင်းကုမ္ပဏီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့က လှူဒါန်းသည့်ပစ္စည်းမျိုးစုံတို့ကို ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းထံလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် တောင်သူလယ်သမားများအား လက်ဝယ်အရောက်မျိုးစပါးများဖြန့်ခွဲပေးဝေနေမှုကိုကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျီတီအိုင်ကျောင်းသား၊ ကျောင်းသူဟောင်းများ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၈

ဂျီတီအိုင်ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ (၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက ရုံးအဖွဲ့မှူး ဦးခင်ဇေ ဖုန်း-၅၁၉၈၆၃ ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးစေရန် ဒီရေတောများ ဝိုင်းဝန်းထိန်းသိမ်း

မေတ္တာအေး

လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်နေထိုင်လျက်ရှိသော ကမ္ဘာကြီးသည် သာယာလှပပြီး လူသားနှင့် ပတ်ဝန်းကျင် အပြန်အလှန် အမှီသဟဲပြုကာ ညီညွတ်မျှတစွာ နေချင်စဖွယ်ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ကြီးတစ်ခု ဖြစ်ပါသည်။ ဤကမ္ဘာကြီးပေါ် Eco-system ဟုခေါ်သည့် ဂေဟစနစ်မျိုးစုံတွင် Biodiversity ဟုခေါ်သော ဇီဝမျိုးစုံမျိုးကွဲများ ရပ်တည်ရှင်သန်လျက် ရှိကြပါသည်။ အဆိုပါသဘာဝသစ်တော ဂေဟစနစ်မျိုးစုံသည် လူသားအားလုံး၏ စားဝတ်နေရေးနှင့် ဘဝရပ်တည်ရှင်သန်ရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက် ရှိပါသည်။

သို့သော်လည်း ကမ္ဘာတစ်ဝန်းလုံး၌ လူဦးရေတိုးတက်လာသည်နှင့်အမျှ မြို့ပြများ တိုးတက်ဖြစ်ပေါ်လာခြင်းကြောင့် သဘာဝသစ်တော သယံဇာတများ ထုတ်ယူသုံးစွဲမှုများပြားလာကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ပိုမိုတိုးတက် များပြားလာကြောင်း တွေ့ရှိရပါသည်။ သစ်တောများ ထိခိုက်ပျက်စီးမှု၏ အကျိုးဆက်အဖြစ် မှန်လုံအိမ် အာနိသင်ဖြစ်ပေါ်စေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များပြားလာပြီး ကမ္ဘာကြီး ပူနွေးလာခြင်း၊ ရာသီဥတု ပြောင်းလဲမှု ဖြစ်စဉ်များဖြစ်သော မုန်တိုင်းများ တိုက်ခတ်ခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်း၊ မြစ်ရေကြီးခြင်း၊ အအေးလှိုင်း၊ အပူလှိုင်းများ ကျရောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုများကိုလည်း တွေ့မြင်နေရပါသည်။

ကမ္ဘာတစ်လွှား ဒီရေတောများ

ကမ္ဘာတစ်ဝန်းတွင် သဘာဝသစ်တော သယံဇာတများ ထိခိုက်လျော့နည်းလာသည့် ဖြစ်စဉ်များအနက် ပင်လယ်ကမ်းရိုးတန်း ဒီရေတောများ ထိခိုက်လျော့နည်းလာမှုသည်လည်း လူသားအားလုံး သတိမူရမည့် အခြေအနေတစ်ခု ဖြစ်ပေသည်။ ဒီရေတောများနှင့် ပတ်သက်၍ အကျဉ်းချုပ် ဖော်ပြရမည်ဆိုပါလျှင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ စာရင်းဇယားများအရ ကမ္ဘာပေါ်၌ ဒီရေတောဧရိယာ ဧက ၄၂ သန်းခန့်ရှိသည့်အနက် အရှေ့တောင်အာရှဒေသတွင် ဧက ၁၇သန်းနှင့် မြန်မာနိုင်ငံတွင် ဧက တစ်သိန်း ခုနစ်သောင်းကျော်ရှိကြောင်း သိရှိရပါသည်။ မိုင်ပေါင်း ၁၅၀၀ခန့် ရှည်လျားသော ရခိုင်ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် Coastal Mangrove ခေါ် ကမ်းရိုးတန်း ဒီရေတောများနှင့် Inland Mangrove ခေါ် ကုန်းတွင်း ဒီရေတောများကို တွေ့မြင်နိုင်ပြီး လမု၊ လမဲ့၊ သမဲ့၊ ပင်လယ်ကနစို၊ ကန့်ပလာ၊ ပြူးဥတလုံး၊ ပြူးဗိုင်းတောက်၊ ပြူးခြေတောက်၊ ပြူးအုပ်ဆောင်း၊ မြင်းက၊ ကျနစသည့် ဒီရေတော အပင်အမျိုးမျိုး ပေါက်ရောက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်းရှိ တောတောင်ရေမြေနှင့် ဂေဟစနစ်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအပါအဝင် မှီတင်းနေထိုင်သည့် သက်ရှိများအပေါ် များစွာအကျိုးပြုလျက် ရှိပါသည်။ ယင်းသဘာဝတောများသည် ရာသီဥတုကို ညီညွတ်မျှတစေသည့်အပြင် သဘာဝဘေးဒဏ်များဖြစ်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လေပြင်းမုန်တိုင်း ကျရောက်ခြင်းစသည်တို့မှလည်း အကာအကွယ်ပေးပါသည်။ ထို့အပြင် သစ်တောကြီးများမှ သစ်၊ ထင်း၊ ဝါး၊ ဆေးဖက်ဝင်အပင် စသည့် သစ်တောထွက် သယံဇာတပစ္စည်းများ ရရှိပါသည်။ သဘာဝသစ်တောကြီးများသည် သားငှက်တောရိုင်းတိရစ္ဆာန်များ၏ မှီတင်းနေထိုင်ရာ Habitat ဟုခေါ်သည့် နေရင်းဒေသများလည်း ဖြစ်ကြပါသည်။

မြန်မာနိုင်ငံသည် တောတောင်ရေမြေအမျိုးမျိုးနှင့် သဘာဝဂေဟစနစ်မျိုးစုံ ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ နိုင်ငံ၏မြောက်ဘက်စွန်းတွင်လည်း အာဆီယံနိုင်ငံများ၌ တစ်ခုတည်းသော တစ်နှစ်ပတ်လုံး ရေခဲဖုံးလွှမ်းလျက်ရှိသည့် ခါကာဘိုရာဇီတောင်ထိပ်နှင့် ရေခဲတောင်ဂေဟစနစ်များရှိသည့်အပြင် ဇီဝမျိုးစုံ ကြွယ်ဝသော တောင်ပေါ်သမပိုင်း သစ်တောများလည်း တည်ရှိပါသည်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းဟူသည့် မြစ်ကြီးလေးသွယ်နှင့် အရှေ့ရိုးမ၊ အလယ်ရိုးမ၊ အနောက်ရိုးမတောင်တန်းတို့တွင်လည်း ကွဲပြားခြားနားသည့် သဘာဝသယံဇာတအမျိုးစုံလင်စွာ တွေ့ရှိရသည့် ဂေဟစနစ်များ ရှိပါသည်။ ကုန်းတွင်း ရေချို၊ ရေငန်ဂေဟစနစ်၊ မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ကမ်းရိုးတန်းဒေသ ဒီရေတောဂေဟစနစ် စသည်ဖြင့် မျိုးစုံသော သဘာဝအလှအပတို့ကိုလည်း တွေ့မြင်ခံစားနိုင်ပါသည်။

လူသားတို့အတွက် သဘာဝကပေးသော အမွေအနှစ်

တစ်နည်းအားဖြင့် **လူနှင့်သက်ရှိများအား အကျိုးပြုလျက်ရှိသည့် သစ်တောဂေဟစနစ်များတွင် ဒီရေတောများသည်လည်း အပါအဝင် ဖြစ်ပါသည်။** ထူးခြားချက်မှာ ဒီရေတောများသည် ဒီရေအတက်အကျရှိသော လတာမြေတွင်သာ ရှင်သန်ပေါက်ရောက်နိုင်သည့် သစ်တောအမျိုးအစားတစ်ခုဖြစ်ပါသည်။ အဆိုပါဒီရေတောများမှ အိမ်တိုင်၊ ခြံတိုင်၊ ထင်း၊ မီးသွေး၊ သင်ပေါင်း၊ ဓနိ၊ သက်ငယ်၊ ပျားရည်စသည့် လူ့အသုံးအဆောင်သစ်တောသယံဇာတပစ္စည်းများ ထုတ်ယူရရှိလျက်ရှိပါသည်။ ထို့အပြင် ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေထွက်ပစ္စည်းများကိုလည်း တစ်နှစ်ပတ်လုံး ရရှိပါသည်။ ထို့ကြောင့် ဒီရေတောများကို လူနှင့်သတ္တဝါတို့၏ စားဖိုဆောင်ဟုပင် တင်စားကြပေသည်။

ဒီရေတောများ၌ ပေါက်ရောက်နေသော သစ်ပင်များသည် ငါး၊ ပုစွန်များ တစ်နှစ်ပတ်လုံး ရှင်သန်ပေါက်ပွား ကြီးထွားစေရန်အတွက် အစာကွင်းဆက်ကို သဘာဝအလျောက် ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ငွေကုန်ကြေးကျခံ မွေးမြူရန်မလိုဘဲ စားနပ်ရိက္ခာဖူလုံမှုကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ငါး၊ ပုစွန်၊ ကဏန်းများ သားပေါက်ကြီးပြင်းရာ ဒေသဖြစ်ပြီး ၎င်းတို့၏ ဘဝစက်ဝိုင်းတစ်ဝက်ခန့်သည် ဒီရေတောများအတွင်း ကြီးပြင်းကြရပါသည်။ နိုင်ငံခြားဈေးကွက်ဝင် ကျားပုစွန် သားလောင်းများသည် ဒီရေနှင့်အတူ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာကြပြီး ဒီရေတောတွင် ရှင်သန်ကြီးပြင်းကာ သုံး လက်မ မှ လေးလက်မအရွယ် ရောက်သောအခါ ပင်လယ်ပြင်သို့ ပြောင်းရွှေ့နေထိုင်ကျက်စား ကြီးပြင်းကြပါသည်။ ထို့ကြောင့်လည်း ဒီရေတောများအား လူနှင့်သတ္တဝါမျိုးစုံတို့၏ နေထိုင်ရာအိမ်ဟု တင်စားခေါ်ဝေါ်ကြပါသည်။ ဒီရေတောများ ထိခိုက်လျော့နည်းလာသည်နှင့်အမျှ သားငါး၊ ပုစွန်တို့ ဥအုသားပေါက်ရန် ခက်ခဲလာပြီး မျိုးဆက်ပြန့်ပွားမှုလည်း လျော့နည်းလာမည်ဖြစ်ပေသည်။

ဒီရေတောများသည် ပင်လယ်နှင့် ကုန်းမြေကြားတွင် ပေါက်ရောက်ကြသည့် အပင်အဖွဲ့အစည်းဖြစ်သောကြောင့် လယ်မြေ၊ ယာမြေများအတွင်းသို့ ဆားငန်ရေ ဝင်ရောက်မှုကို တားဆီးပေးသည့်အပြင် လေပြင်းမုန်တိုင်း ဝင်ရောက်မှုဒဏ်ကိုလည်း တားဆီးကာကွယ်ပေးပါသည်။

ယခင်က ဒီရေတောများ၏ အခန်းကဏ္ဍကို အမှတ်တမဲ့ နေလာကြရာမှ ယခု ၂၁ ရာစုအစတွင် ဒီရေတောများ၏ အရေးပါမှုကို တစ်ကမ္ဘာလုံးက ပိုမိုသဘောပေါက်နားလည်လာကြပြီး ထိန်းသိမ်းရန်ကြိုးပမ်းနေကြပြီ ဖြစ်ပါသည်။ ဒီရေတောများတွင် မိကျောင်းများ၊ လင်းပိုင်များ၊ ရေချိုရေငန်လိပ်များ၊ ပင်လယ်လိပ်များ၊ ငှာနေရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ၊ နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများ အမျိုးမျိုးနေထိုင်ကျက်စားကြပြီး ၎င်းတို့၏ နေရင်းဒေသများဖြစ်သည့်အတွက် ဇီဝမျိုးစုံမျိုးကွဲများတည်ရှိရာမျိုးစိတ်ဘဏ်ဟုလည်း တင်စားခေါ်ဝေါ်နိုင်ပါသည်။

ဒီရေတောများ ပျောက်ကွယ်မည့် အခြေအနေ

ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ် ဒီရေတောဂေဟစနစ်များကို စိတ်ဝင်စားကြသည့် ပြည်တွင်း၊ ပြည်ပမှ သဘာဝ အခြေခံခရီးသွားဧည့်သည်များလာရောက်ကြည့်ရှုအပန်းဖြေလေ့လာလျက်ရှိကြပါသည်။ သို့ရာတွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ စားနပ်ရိက္ခာ၊ လောင်စာလိုအပ်မှုများပြားလာပြီး အကြောင်းအမျိုးမျိုးဖြင့် ဒီရေတောများ လျော့နည်း ပြုန်းတီးလျက်ရှိပါသည်။ **လယ်မြေတိုးချဲ့ရန် ဒီရေတောများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ လောင်စာအတွက် ထင်းခုတ်ခြင်း၊ တာပတ်ပြီး ပုစွန်မွေးခြင်းစသော လူတို့၏ လုပ်ဆောင်မှုများကြောင့် ဒီရေတောများ ပျက်စီးနေရခြင်းများသည် ထင်ရှားသော သာဓကများ ဖြစ်ကြပါသည်။ တာပတ်၍ ပုစွန်မွေးမြူခြင်းသည် ကာလတို စီးပွားရေးအကျိုးအမြတ်ရနိုင်သော်လည်း ဒီရေတောဂေဟစနစ်ကဲ့သို့ Sustainable Income ဟုခေါ်သော ထာဝစဉ်ပုံမှန်ဝင်ငွေ ရရှိစေမည် မဟုတ်ပေ။ တာပတ်၍မွေးသော ပုစွန်ကန်မြေကြီး၏ ချဉ်ငန်ဓာတ်သည် သုံးနှစ်နောက်ပိုင်း၌ အငန်ဘက်သို့ အလွန်အကျွံ ရောက်ရှိသွားသောကြောင့် ပုစွန်အထွက်နှုန်းကျသွားပြီး ဆက်လက်မမွေးမြူနိုင်၍ စွန့်ပစ်သွားလေ့ရှိပါသည်။ ထို့အပြင် စွန့်ပစ်သွားသည့် ပုစွန်ကန်များ၌ ဒီရေတောသစ်ပင်မျိုးကိုပင် ပြန်စိုက်၍မရသည့် အခြေအနေအထိ ပျက်စီးသွားတတ်ပါသည်။**

ထိုနည်းတူစွာ **ဒီရေတောများအား ခုတ်ထွင်ရှင်းလင်းပြီး စပါးစိုက်ပျိုးသည့် လယ်မြေများသည်လည်း သုံးနှစ်ခန့်သာ စပါးထွက်နိုင်ပြီး နောက်ပိုင်းတွင် မြေကြီး၌ အငန်ဓာတ်များလာသဖြင့် ထွက်နှုန်းညံ့လာကာ စိုက်ပျိုးမရတော့သည်အထိ ရောက်ရှိသွားပါသည်။ ထိုကဲ့သို့ ဒီရေတောများ ပျက်စီးပြီဆိုပါက ဒီရေတောဂေဟစနစ်နှင့် ၎င်းဂေဟစနစ်၌သာ ရှင်သန်ပေါက်ဖွားနိုင်သော ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်ပျက်စီးပြီး လူသားများ၏ စားဝတ်နေရေးကိုလည်း မလွဲမသွေ ထိခိုက်လာမည် ဖြစ်ပါသည်။**

၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံကမ်းလွန် အိန္ဒိယ သမုဒ္ဒရာထဲ၌ ငလျင်လှုပ်ခဲ့သောကြောင့် ဆူနာမီ ဒီရေလှိုင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ဆူနာမီ ဒီရေလှိုင်းဒဏ်ကြောင့် အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများဖြစ်သော အိမ်နီးချင်းနိုင်ငံများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ဆုမားတြားကျွန်းနေ လူများ သိန်းချီ သေပျောက်ခဲ့ပြီး သန်းနှင့်ချီအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရပါသည်။ ထိုသို့ ကြုံတွေ့ရခြင်းမျိုးမှာ လူသားများ၏ စည်းကမ်းမဲ့ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိအမြင် အားနည်းချို့ယွင်းမှုတို့ကြောင့် ပင်လယ်ကမ်းရိုးတန်းများတွင် ဒီရေတောများ ပျက်စီးပျောက်ကွယ်သွားရပြီး သဘာဝအကာအကွယ် အတားအဆီးများ ဆုံးရှုံးခဲ့ရသဖြင့် ပေ (၃၀) မှ ပေ(၅၀)အထိမြင့်သော ဒီရေလှိုင်းလုံးကြီးများသည် အကာအကွယ် အတားအဆီးမရှိ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခံရခြင်းပင် ဖြစ်ပါသည်။ အဆိုပါ ဆူနာမီဒီရေလှိုင်းများ မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်း ဒေသအချို့တွင် ကြုံတွေ့ခဲ့ရပါသည်။ သို့ရာတွင် ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ရှိ ဒီရေတောများ၏ အကာအကွယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာ ရှိခဲ့ပါသည်။

ယခင်က အင်ဒိုနီးရှားနိုင်ငံ၌ ကမ်းရိုးတန်းဒီရေတောများ အများအပြားရှိခဲ့ပါသည်။ တိုးတက်လာသောလူဦးရေအတွက် ဒီရေတောများအား ခုတ်ထွင်ရှင်းလင်းပြီး ပုစွန်မွေးမြူရေးကန်များ တည်ဆောက်ကာ ပုစွန်များကိုမွေးမြူခဲ့ကြသည်။ သို့သော် သုံးနှစ်ကြာသောအခါ ပုစွန်အထွက်နှုန်း ကျဆင်းသွားသဖြင့် ဆက်လက်မမွေးမြူကြတော့ဘဲ ၎င်းနေရာများကို စွန့်ပစ်သွားကြပါသည်။ ထိုအကျိုးဆက်ကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ ကမ်းရိုးတန်းဒေသများ၌ သဘာဝဒီရေတောများ မရှိတော့သဖြင့် အကာအကွယ်မဲ့သွားသော ကမ်းခြေများအား ဆူနာမီရေလှိုင်းများ တိုက်ခတ်ဖျက်ဆီးမှုဒဏ်ကို ကြုံတွေ့ခဲ့ရခြင်းပင်ဖြစ်သည်။ သို့အတွက်လည်း အင်ဒိုနီးရှားနိုင်ငံကျွန်းစုများသည် ၂၀၀၄ ခုနှစ် ဆူနာမိဘေးဒဏ်ကို အဆိုးရွားဆုံး ကြုံတွေ့ခံစားခဲ့ရပါသည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံ၌ ယခုအချိန်တွင် ဒီရေတောများကို အကြီးအကျယ် ပြန်လည်စိုက်ပျိုးနေပြီ ဖြစ်ကြောင်း သိရှိရပါသည်။

ယခုနှစ် မေလဆန်းက တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၏ဒဏ်ကို ဧရာဝတီတိုင်းရှိ ဒေသအချို့၌ ဆိုးရွားစွာ ခံစားခဲ့ရသော်လည်း မိန်းမလှကျွန်းတွင်မူ အပျက်အစီး လွန်စွာနည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ယင်းမှာဒီရေတောရှိခြင်း၏ အကျိုးကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့☆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၈ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအဆောက်အအုံများနှင့် ရုံးပတ်ဝန်းကျင်၌ကျင်းပသည်။

အစီအစဉ်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စိန်တစ်လုံးသရက်နှင့် ငုရွှေဝါပင်များ စိုက်ပျိုးပေးသည်။

ဆက်လက်၍ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများသည် အရိပ်ရအပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် စိန်တစ်လုံး သရက်စိုက်ခင်း၊ အရိပ်ရလေကာပင်စိုက်ခင်း၊ စားပင်၊ သီးပင်စိုက်ခင်း၊ နှစ်ရှည်ပင်စိုက်ခင်းတို့တွင် အရာထမ်း၊ အမှုထမ်းများ သစ်ပင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ စိုက်ပျိုးသည့်သစ်ပင်များမှာ စိန်ပန်း၊ ကုက္ကို၊ မန်ကျည်း၊ ပိတောက်၊ မဟော်ဂနီ၊ ဆီသပြေပင်၊ခရေ၊ မဲဇလီ၊ ငုရွှေဝါပင်များနှင့် သရက်၊ ပိန္နဲ အပင် ၁၈၀၀ တို့ဖြစ်ပြီး တတိယအကြိမ်အထိ သစ်ပင်ပေါင်း ၃၂၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် မိုးရာသီ စိုက်ပျိုးရေး စီမံချက်အတိုင်း ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိုက်ပျိုးပေး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၈ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်နှင့် ငုရွှေဝါပင်များ စိုက်ပျိုးပေးစဉ်။
(ဘဏ္ဍာ/အခွန်)

☆ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မြန်မာနိုင်ငံနှင့်ဒီရေတောကာကွယ်ထိန်းသိမ်းမှုအခြေအနေ

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်နှင့် ဒေသခံပြည်သူတို့၏ စားဝတ်နေရေး အထောက်အကူဖြစ်စေရန်အတွက် ရှိပြီးသဘာဝဒီရေတောများအား နှစ်စဉ်တိုးချဲ့ပြုစုထိန်းသိမ်းကာ ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ စသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြစ်ဝကျွန်းပေါ် ဒီရေတောများ ပြန်လည်ပြုစုပျိုးထောင်ရေး စီမံကိန်းများကို ဒေသခံပြည်သူများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ ထို့အပြင် ပျိုးဥယျာဉ်များ တည်ထောင်ခြင်း၊ ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒေသခံအစုအဖွဲ့ပိုင်သစ်တောများတည်ထောင်ခြင်း တို့တွင်လည်း လိုအပ်သော နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူတို့က ပူးပေါင်းပါဝင် ထိန်းသိမ်းလျက်ရှိပါသည်။

ဧရာဝတီတိုင်း၏ အချက်အချာကျသော ဘိုကလေးမြို့နယ်တွင် မိန်းမလှကျွန်းဘေးမဲ့တောကို တည်ထောင်ထားရှိပြီး ဒီရေတော ဂေဟစနစ်ထိန်းသိမ်းခြင်းနှင့် ရေချို ရေငန်စပ် မိကျောင်း ထိန်းသိမ်းမွေးမြူရေး အပါအဝင် သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မိန်းမလှကျွန်း ဘေးမဲ့တောတွင် ရေချို ရေငန်စပ် မိကျောင်းကြီးများကို သဘာဝအတိုင်း လေ့လာနိုင်သဖြင့် သဘာဝအခြေခံခရီးသွား ဧည့်သည်များ၊ သုတေသီပညာရှင်များ အများအပြား လာရောက်လေ့လာကြသည့်အပြင် ယခုအခါ ASEAN Heritage ခေါ် အာဆီယံ အမွေအနှစ် စာရင်းဝင်ဥယျာဉ် အဖြစ်လည်း ကြေညာထားပြီး ဖြစ်ပါသည်။

ယခုနှစ် မေလဆန်းကတိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၏ဒဏ်ကို ဧရာဝတီတိုင်းရှိ ဒေသအချို့၌ ဆိုးရွားစွာ ခံစားခဲ့ရ သော်လည်း မိန်းမလှကျွန်းတွင်မူ အပျက်အစီး လွန်စွာနည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ယင်းမှာဒီရေတောရှိခြင်း၏ အကျိုးကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။

ဒီရေတောအပင်များသည် သဘာဝဘေးအန္တရာယ်များမှ အကာအကွယ်ပေးနိုင်သည့်အပြင် မှန်လုံအိမ် အာနိသင်ကို ဖြစ်ပေါ်စေသည့် Green House Gas ဓာတ်ငွေ့ကို ကုန်းတွင်းပိုင်းသစ်ပင်မျိုးများထက် ပိုမိုစုပ်ယူနိုင်သော Carbon Sink များလည်းဖြစ်ပါသည်။ လေထုညစ်ညမ်းမှုကို အကောင်းဆုံး သန့်စင်ပေးနိုင်သည့်အတွက် လူသားများ ၏ အဆုတ်ပမာတင်စားခေါ်ဝေါ်ကြပါသည်။ Climate Change ခေါ် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကို ဟန့်တားထိန်းသိမ်းရာတွင်လည်း များစွာအထောက်အကူပြုကြောင်း လေ့လာသိရှိရပါသည်။

သဘာဝပတ်ဝန်းကျင်၏ အရည်အသွေးကို တိုးတက်စေပြီး သစ်တောထွက်ပစ္စည်း အမျိုးမျိုးနှင့် သား၊ ငါး၊ ပုစွန်စသည့် စားနပ်ရိက္ခာများ ထုတ်လုပ်ပေးနေသည့်အပြင် ဆူနာမီဒီရေလှိုင်းကဲ့သို့သော သဘာဝ ဘေးအန္တရာယ်ဆိုးကြီးများမှလည်း ကာကွယ်ပေးနေသည့် တန်ဖိုးမဖြတ်နိုင်သော ဒီရေတောများကို ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်ကြဖို့ လိုအပ်ပါသည်။

ထို့ကြောင့် သက်ရှိသတ္တဝါများနှင့် ကမ္ဘာကြီး အခွန့်ရှည် တည်တံ့ခိုင်မြဲစေရန်အတွက် အထောက်အကူပေးနေသော ဒီရေတောဂေဟစနစ်များနှင့် ယင်းတို့၏ သဘာဝပတ်ဝန်းကျင် ထာဝစဉ် ဖွံ့ဖြိုး တိုးတက်စေရန် ကျွန်တော်တို့အားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ အတူတကွ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၈

ရှေ့နေချုပ်ရုံး(နေပြည်တော်)မှ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း၌ ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိကျင်းပမည့် "၂၀၀၈ ခုနှစ် အာရှ-ပစိဖိတ် တရားမဝင် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးအုပ်စု၏ နှစ်ပတ်လည်အစည်းအဝေးနှင့် နည်းပညာ အကူအညီပေးရေးဆွေးနွေးပွဲ"သို့ တက်ရောက်ရန် ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီးစစ်အေးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောဦးတို့ လိုက်ပါသွားကြပြီး ဂျာကာတာမြို့ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးကြီး ဦးကြည်မောင်ဦးလည်းအဖွဲ့ဝင်အဖြစ် တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	"နေစရာလည်းရ သေစရာလည်းရ"တရားတော် (ဝါးခယ်မဆရာတော် ဘဒ္ဒန္တပညာဝံသ)
၇:၅၀ - ၁:၅၀	Industrial Talk [ဒေါက်တာ မျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈:၂၅ - ၂:၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၅၀ - ၂:၅၀	ကသောလက်ဖြင့်လှူကြမည်
၉:၁၀ - ၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ - ၃:၂၀	လူတိုင်းအတွက် ရှေးဦးသူနာပြု (ရိုးဆက်ကြောနှင့် အရိုးများထိခိုက်ခြင်း)
၉:၃၅ - ၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀ - ၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅ - ၃:၄၅	ကလေးများအတွက် စိတ်ဝင်စားဖွယ်ရာ "Internet Games"ကမ္ဘာ
၁၀:၁၅ - ၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀ - ၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅ - ၄:၂၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဆုရ ကချင်တိုင်းရင်းသားဖက်ရှင်)
၁၀:၅၀ - ၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅ - ၄:၅၅	အမျိုးသားရိုးရာ တိုင်းရင်းဆေးနည်းပညာ
၁၁:၁၀ - ၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅ - ၅:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅ - ၅:၂၅	လွယ်ကူသော မြန်မာ့ဟင်းလျာ (ပုစွန်ချဉ်စပ်ဟင်း)
၁၁:၄၀ - ၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅ - ၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀ - ၅:၅၀	ကျောက်ကပ်နှင့် ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခ ဒေါက်တာ ခင်မောင်ဌေး)
၁၂:၁၀ - ၆:၁၀	ရွှင်မြူးသီကြွေး ကဗျာတေး(ခြပျားပမာ)
၁၂:၁၅ - ၆:၁၅	Myanmar Video Rhythm
၁၂:၄၀ - ၆:၄၀	မိုးကောင်းကျောင်းတိုက်မှ ပီတိဝေဖြာအလှူတော်မင်္ဂလာ
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

ရန်ကုန် ဇူလိုင် ၈

ယနေ့ နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ဒသမ၉၀ လက်မ၊ ခရမ်းမြို့တွင် ၅ဒသမ၃၂ လက်မ၊ ကလေးဝမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄ဒသမ၈၈ လက်မစီ၊ ဖလမ်းမြို့တွင် ၄ဒသမ၃၇ လက်မ၊ ဂွမြို့တွင် ၃ဒသမ၉၀ လက်မ၊ ကလေးမြို့တွင် ၃ဒသမ၈၆ လက်မ၊ မောင်တောမြို့တွင် ၃ဒသမ၇၄ လက်မ၊ မော်လိုက်မြို့တွင် ၃ဒသမ၆၆ လက်မ၊ မော်လမြိုင်မြို့တွင် ၃ဒသမ၅၄ လက်မ၊ ကျောက်ဖြူမြို့၊ ဇောင်းတူမြို့နှင့် မှော်ဘီမြို့တို့တွင် ၃ဒသမ၁၁ လက်မစီနှင့် သထုံမြို့တွင် ၃ဒသမ၀၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ဇူလိုင် ၉ရက် ညနေထိ ခန့်မှန်းချက်

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်) ၇-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)		၈-၇-၂၀၀၈
၀၉:၃၀ နာရီ	စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း	၈-၇-၂၀၀၈
နေပူသည့်နာရီပေါင်း	၁ ဒသမ ၅ နာရီခန့်	၇-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၈-၇-၂၀၀၈	၃၅မမ (၁. ၃၈လက်မ)	၈မမ (၀. ၃၂လက်မ)	၂၅မမ (၀. ၉၈လက်မ)
၁-၁-၂၀၀၈ မှ	၁၁၄၇မမ	၁၄၁၅မမ	၁၇၅၁မမ
ယနေ့ထိ	(၄၅. ၁၆လက်မ)	(၅၅. ၇၁လက်မ)	(၆၈. ၉၃လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၇-၇-၂၀၀၈ နေ့ ၁၇:၂၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်း တိုက်ခတ်သည်။

✳ ရွှေဖုံးမှ

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက ဒေး-မြန်မာမူလတန်းကျောင်း ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က ဒေး-မြန်မာမူလတန်းကျောင်းကို သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန် ချိတ်ဆက်ဘလောက်တုံးစနစ်ဖြင့် တည်ဆောက်သွားမည့် အစီအစဉ်နှင့် ချိတ်ဆက်ဘလောက်တုံးနည်းပညာနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေး-မြန်မာ မူလတန်းကျောင်း အခြေခံဖောင်ဒေးရှင်း အုတ်ရိုးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ကွမ်းခြံကုန်းမြို့၌ အိုးအိမ်မဲ့ ဖြစ်သွားသည့် လေဘေးသင့်သည့် ပြည်သူများအား ဆောက်လုပ်နေရာချထားပေး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွမ်းခြံကုန်းမြို့ ကန်ကြီးပိုင်းရပ်ကွက်၌ ကျင်းပသော လေဘေး ပြန်လည်ထူထောင်ရေး ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်ပွဲ၌ ခင်းကျင်းပြသထားသော ဖိုင်ဘာလှေများ၊ ငါးဖမ်းစက်လှေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးငွေးမြင့်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နာဂစ်လေမုန်တိုင်းကြောင့် လေဘေးသင့်ခဲ့ရသော ဒေသများတွင် လေဘေးသင့်၍ အသက်ရှင်ကျန်ရစ်သူများကို အချိန်မဆိုင်းဘဲ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ထိရောက်သော ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ကယ်ဆယ်ခဲ့သောသူများကို အမိုးအကာအောက်သို့ ရောက်ရှိအောင် အမြန်ဆောင်ရွက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သော စားရေရိက္ခာ၊ အသုံးအဆောင်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စေတနာရှင် အလှူရှင်များ ပါဝင်ဆောင်ရွက်ခဲ့သဖြင့် အချိန်တိုအတွင်းမှာ တိုးတက်ဖြစ်ထွန်းမှုများ ရှိနေပြီဖြစ်ကြောင်း။

ယခုဆိုလျှင် လေဘေးသင့်၍ အိုးအိမ်မဲ့ဖြစ်သွားသူများအတွက် မူလအနေအထားထက် သာလွန်ကောင်းမွန်သော နေအိမ်များကို ဆောက်လုပ်ပေးလျက်ရှိရာ အချို့ဆိုလျှင် ဆောက်လုပ်ပြီးနေအိမ်များတွင် နေရာချထားပေးလျက်ရှိကြောင်း။

ယင်းတို့၏ မူလအလုပ်အကိုင်များ ပြန်လည်လုပ်ကိုင်နိုင်ရန်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်၊စေတနာရှင်အလှူရှင်များက ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသဖြင့် လယ်ယာလုပ်ကိုင်သူများ ယခုဆိုလျှင် လယ်လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်ကြပြီဖြစ်ကြောင်း။

အလားတူ ရေလုပ်ငန်းလုပ်ကိုင်သူများ မြန်မြန်ဆန်ဆန် လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်စေရအောင် လိုအပ်သောငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်၊ ကိရိယာများကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ဆားလုပ်ငန်းလုပ်ကိုင်သူများအတွက်လည်း လုပ်ကိုင်နိုင်အောင် ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်းမှု၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စေတနာရှင်အလှူရှင်များ ပူးပေါင်းပါဝင်မှုတို့ဖြင့် မူလလူနေမှုဘဝထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးထားသည့်အပေါ် အခြေခံ၍ အလုပ်ကို ယခင်ကထက် ပိုမိုကြိုးစားလုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကျေးရွာများအထိဆင်း၍ ကျေးရွာနေသူများကို ယခင်က ဖြစ်သလိုနေထိုင်စားသောက်သည့်စိတ်ဓာတ်များပယ်ဖျောက်၍ အလုပ်ကိုကြိုးစားလုပ်ပြီး စနစ်တကျငွေစုဆောင်းကာ မိမိတို့ဘဝကို ပိုမိုမြင့်မားတိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် စိတ်ဓာတ်မျိုးဖြစ်အောင် စည်းရုံးသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိထံ ရေလုပ်ငန်းသုံးပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးငွေးမြင့်က အဖွဲ့ချုပ်မှ လှူဒါန်းသော ကွင်းတားပိုက်အစုံ ၆၀၀ နှင့် ရင်တွန်းပိုက်အလက် ၃၈၀ တို့ကို ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းထံ လွှဲပြ…
ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်…
တက်ရောက်လာကြသူများအား ရင်းရင်…

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချု…
က ကွမ်းခြံကုန်းမြို့နယ်အနေဖြင့် စိုက်…
အနက် ၉၁၇၁၂ ဧက စိုက်ပျိုးပြီးစီးသ…
၇၅ရာခိုင်နှုန်းဖြစ်၍ ရာသီချိန်မီ လျာထ…
ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှ…
ချောင်းအတွင်း လွှဲပြောင်းပေးအပ်သေ…
မောင်းနှင်၍ ရေလုပ်ငန်းဆောင်ရွက်မှု…

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချု…
များဖြင့် ဆက်လက်ထွက်ခွာကြပြီး ကွမ်…
တောကျောင်းကျေးရွာမှ လယ်သမားကြ…
ဧကရှိ ဆင်းနွှယ်ရင် မိုးစပါးစိုက်ခင်းသို…

ထို့နောက် ယာယီရှင်းလင်းဆော…
ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက ယခုလယ်…
သုံးဦးပိုင် လယ်မြေ ၅၆ဒသမ ၆၉ဧကကို…
စိုက်ပျိုးနေမှုအခြေအနေများကို ရှင်းလ…

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချု…
ဦးကျော်မြသန်း၏လယ်၌ စပါးစိုက်ပျိုးရန်…

ထွန်ယက်နေမှုအခြေအနေနှင့် သဘာ…
သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချ…
များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်…
အတွင်းမှ မိုးစပါးစိုက်ခင်းများ၌ မိုးစပါး…
ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်န…
ဒေးဒရဲတံတားသို့ရောက်ရှိလာကြရာ ရေ…
သင့်ဒေသများ ပြန်လည်ထူထောင်…
ကြီးကြပ်ကွပ်ကဲနေသော ရထားပို့ဆော…
အောင်မင်းက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချု…
အတိုင်း ရောင်းဝယ်ဖောက်ကားမှုများဖြ…

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော စံပြကျေးရွာရှိ လေဘေးကြောင့် ပျက်စီးသွားသော ကျေးရွာမူလတန်းကျောင်းကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန် ချိတ်ဆက်ဘလောက်တုံးစနစ်ဖြင့် တည်ဆောက်သွားမည့် အစီအစဉ်နှင့် ချိတ်ဆက်ဘလောက်တုံး နည်းပညာတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သော နေအိမ်တို့ကို ကြည့်ရှုစစ်ဆေးပြီး နေထိုင်ကြသူ မိသားစုများအား တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ရန် ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ်များနှင့် လက်သုံးကိရိယာများကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မူလနေအိမ်များထက် ပိုမိုအဆင့်မြင့်မြင့်နေထိုင်နိုင်အောင် နိုင်ငံတော်က စေတနာထားစီမံဆောင်ရွက်ပေးပြီးဖြစ်ရာ မိမိတို့ဘဝ ပိုမိုမြင့်မားတိုးတက်အောင် အလုပ်ကိုကြိုးစားကြပြီး ပေးအပ်ထားသော သီးနှံမျိုးစေ့များကို ခြံဝင်းအတွင်း ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့ ကန်ကြီးပိုင်းရပ်ကွက်၌ကျင်းပသော လေဘေးပြန်လည်ထူထောင်ရေး ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနား၌ ခင်းကျင်းပြသထားသော ဖိုင်ဘာလှေများ၊ ငါးဖမ်းစက်လှေများ၊ ငါးဖမ်းပိုက် အမျိုးမျိုးနှင့် အင်ဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော စံပြကျေးရွာရှိ လေ…
ကျေးရွာမူလတန်းကျောင်းကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ဆောက်လုပ်လှူဒါန်းသော ကွမ်းခြံကုန်း ဒေး-မြန်မာမူလတန်းကျောင်း အခြေခံဖောင်ဒေးရှင်းအုတ်ရိုး ဆောင်ရွက်ထ…**

အတည်ပြုဖောင် ၃း၂၅

ကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ်အနေဖြင့် စိုက်ပျိုးမည့် မိုးစပါးဧက ၁၀၂၁၉၀ အနက် ၉၁၇၁၂ ဧက စိုက်ပျိုးပြီးစီးသဖြင့် စိုက်ပျိုးပြီးစီးမှုမှာ ၈၉ ဒသမ ၇၅ရာခိုင်နှုန်းဖြစ်၍ ရာသီချိန်မီ လျာထားဧကအားလုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့ ပုလဲချောင်းအတွင်း လွှဲပြောင်းပေးအပ်သော ငါးဖမ်းစက်လှေများ သရုပ်ပြမောင်းနှင်၍ ရေလုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ကွမ်းခြံကုန်း-ဒေးဒရဲ ကားလမ်းပေါ်ရှိ တောကျောင်းကျေးရွာမှ လယ်သမားကြီးဦးကျော်မြသန်း၏ ၃၀ဒသမ ၃ ဧကရှိ ဆင်းနွယ်ရင် မိုးစပါးစိုက်ခင်းသို့ ရောက်ရှိကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ယခုလယ်အပါအဝင် တောင်သူလယ်သမား သုံးဦးပိုင် လယ်မြေ ၅၆ဒသမ ၆၉ဧကကို အေးရှားဝေါလ်ကုမ္ပဏီမှ ပူးပေါင်းစိုက်ပျိုးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်သူလယ်သမားကြီး ဦးကျော်မြသန်း၏လယ်၌ စပါးစိုက်ပျိုးရန် လယ်ယာသုံးစက်ကိရိယာများဖြင့်

မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေးဒရဲမြို့ အမှတ် (၁)ရပ်ကွက် ကမ်းနားလမ်း၌ ကျင်းပသော ရေလုပ်သားများအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ထွန်ယက်နေမှုအခြေအနေနှင့် သဘာဝမြေသြဇာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းဘေးဝဲယာရှိ ကွမ်းခြံကုန်းမြို့နယ်အတွင်းမှ မိုးစပါးစိုက်ခင်းများ၌ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုးမြစ်ကူး ဒေးဒရဲတံတားသို့ရောက်ရှိလာကြရာ ဧရာဝတီတိုင်းဒေးဒရဲမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေးဒရဲမြို့၏ ပုံမှန်အတိုင်း ရောင်းဝယ်ဖောက်ကားမှုများဖြင့် စည်ကားနေမှုအခြေအနေများကို

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွမ်းခြံကုန်းမြို့ ကန်ကြီးပိုင်းရပ်ကွက်၌ ကျင်းပသော လေဘေးပြန်လည်ထူထောင်ရေး ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်ပွဲ၌ ခင်းကျင်းပြသထားသော ငါးဖမ်းပိုက်အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသော လွှဲပြောင်းပေးအပ်မည့် ငါးဖမ်းပိုက်မျိုးစုံ၊ အင်ဂျင်စက်များနှင့် ဆက်စပ်ပစ္စည်းများနှင့် ငါးဖမ်းလှေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် လေဘေးသင့်ပြည်သူများအား နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ထိရောက်သော ကယ်ဆယ်ရေးနှင့် စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် အညီ ပြန်လည်ထူထောင်တည်ဆောက်ရေးတွင် မူလကထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊တစ်ဆက်တည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည့်အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည့်အခြေအနေများပေါ် အခြေခံ၍ အလုပ်ကို ယခင်ကထက် ပိုမိုကြိုးစားလုပ်ကိုင်ကာ မိမိတို့၏စီးပွားရေး တိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဒေးဒရဲမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းထံ ငါးဖမ်းစက်လှေ ၁၄၄ စင်းနှင့် ငါးဖမ်းပိုက်မျိုးစုံ ၃၆၉၉ လက်တို့ကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းထံ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးငွေးမြင့်က အဖွဲ့ချုပ်မှလှူဒါန်းသည့် ကွန် ၃၁၂ လက်၊ ရင်တွန်းအလက် ၃၀၀၊ ကွင်းတားပိုက် အရှည် ၂၀၀ နှင့် အတို ၄၀၀ တို့ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းထံ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်က သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့ထုပ်များကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေးဒရဲမြို့ ပြည်သူ့ဆေးရုံအဆောက်အအုံ ပြင်ဆင်ပြီးစီးမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေ ၆နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဒေးဒရဲမြို့ အမှတ် (၁)ရပ်ကွက် ကမ်းနားလမ်း၌ ကျင်းပသော ရေလုပ်သားများအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်ပွဲတွင် ခင်းကျင်းပြသထားသော လွှဲပြောင်းပေးအပ်မည့် ငါးဖမ်းပိုက်မျိုးစုံနှင့် ငါးဖမ်းလှေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ကွမ်းခြံကုန်းမြို့၌ အိုးအိမ်မဲ့ဖြစ်သွားသည့် လေဘေးသင့် ပြည်သူများအား ဆောက်လုပ် နေရာချထားပေးသော နေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

...ခြံကုန်းမြို့နယ် ဒေးဒနော စံပြကျေးရွာရှိ လေဘေးကြောင့် ပျက်စီးသွားသော ...င်း အခြေခံဖောင်ဒေးရှင်းအုတ်ရိုး ဆောက်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒေးဒရဲမြို့ အမှတ်(၁) ရပ်ကွက် ကမ်းနားလမ်း၌ ကျင်းပသော ရေလုပ်သားများအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်ပွဲတွင် ခင်းကျင်းပြသထားသော လွှဲပြောင်းပေးအပ်မည့် ငါးဖမ်းပိုက်မျိုးစုံ၊ အင်ဂျင်စက်များနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

(သတင်းစဉ်)



(အနောက်) စွန်းလွန်းဂူဝိပဿနာတောရကျောင်းတိုက် အင်းတကော်မြို့ ဒုတိယအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၈

ပဲခူးတိုင်း အင်းတကော်မြို့နယ် (အနောက်) စွန်းလွန်းဂူ ဝိပဿနာတောရကျောင်းတိုက်၌ ပုရိမဝါဆို၊ ဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် (ဆရာတော် ဦးမဟာနာမ်) အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား (၁၃၇၀-ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့)၊ ဇူလိုင် ၁၇ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

လှူဒါန်းလိုသူ အလှူရှင်များသည် ဆရာတော် ဖုန်း-၀၉ ၅၀၀၀၃၁၃၊ ဒုတိယဗိုလ်မှူးကြီးသန်းညွန့် (ငြိမ်း)ဖုန်း-၀၁-၅၇၂၉၂၈၊ ဦးစိန်ဝင်း ဖုန်း-၀၉-၉၉၇၂၄၇၅၊ဦးအုန်းဝင်း ဖုန်း-၀၁-၅၆၅၇၃၇၊ ဦးအောင်သူ ဖုန်း-၀၉-၅၁၆၈၉၆၂၊ ဦးအေးလွင် ဖုန်း-၀၉-၅၁၇၇၂၀၄၊ ဦးညွန့်ဝေ ဖုန်း-၀၁-၇၀၃၀၈၄၊ ဦးထွန်းအေး ဖုန်း-၀၁-၅၆၁၆၃၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

စာရင်းစစ်ချုပ်ရုံး ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၈

စာရင်းစစ်ချုပ်ရုံး၏ ၂၀၀၈- ၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင်၇ရက် မွန်းလွဲ၂နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ကျောင်းသားမိဘဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြား၍ ဝန်ထမ်းသားသမီးကျောင်းသား၊ ကျောင်းသူ ၉၀တို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၇ဒသမ ၁၅သိန်းကို ပေးအပ်ခဲ့ကြောင်းသိရှိရသည်။(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၈

တပ်မတော်ဂေါက်ကွင်း(ရန်ကုန်)၌ ဦးအောင်လှိုင်(ရေန-ငြိမ်း)သည် ဇူလိုင် ၄ရက် ညနေ ၄နာရီက ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းညွန့်(ငြိမ်း) တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)၌ Dunlop No.(2) ဘောလုံးအား Honma No.(9) IRON တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

မှတ်သုံ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)၏ မှတ်သုံ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၉ ရက်က သန်လျင်ဂေါက်ကွင်း၌ မွန်းတည့် ၁၂နာရီမှ ညနေ၅နာရီအထိ ကျင်းပသည်။

အဆိုပါဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆု ဒေါက်တာ လင်းဖေသန်း၊ ဒုတိယဆုဒေါက်တာမြတ်ဇော်ကိုး၊ တတိယဆု ဒေါက်တာနေမျိုးလှိုင်၊ အဝေးဆုံးရိုက်ချက်ဆု ဒေါက်တာ မြတ်ဇော်ကိုး၊ အနီးဆုံးရိုက်ချက်ဆု ဒေါက်တာအောင်လွင်ဦးတို့က ရရှိကြသည်။

အဆိုပါပွဲကို Venus Light Travels & Tour Co., Ltd. က ကူညီထောက်ပံ့ပေးပြီး ဆုရရှိသူများအတွက်ဆုကို Venus Light Travels & Tour Co.,Ltd. ဥက္ကဋ္ဌ ဦးအယ်လင်ကျော်မောင်၊ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးသိန်းထွဋ်နှင့် ဂေါက်သီးကော်မတီဥက္ကဋ္ဌ ဒေါက်တာဦးချိုစစ်တို့က အသီးသီး ဆုချီးမြှင့်ကြသည်။

(က-ပ)

NLD ဌာနချုပ်သို့ ဇွန်လအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၂၈)ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် ဇူလိုင် ၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ဗြိတိန်သံရုံးတို့နှင့်အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များလိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှုသတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၈ ခုနှစ် ဇွန်လအတွင်း (၂၈)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါသံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေအိမ်များ

ကွမ်းခြံကုန်းမြို့၌ အိုးအိမ်မဲ့ဖြစ်သွားသည့် လေဘေးသင့်ပြည်သူများအား ဆောက်လုပ်နေရာချထားပေးသော နေအိမ်များကို တွေ့ရစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယ တရားချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယ ဆရာတော်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ရင်ပြင်တော် သောကြာထောင့်ဆံတော်တွင်း တန်ဆောင်း၌ ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ ၁နာရီမှစတင်၍ ညနေ ၄နာရီအတွင်း ဝိပဿနာအလုပ်ပေးတရားများကိုဟောကြားပြသမည် ဖြစ်သည်။ တရားတစ်နာရီဟောကြားပြီးသည်နှင့် လက်တွေ့မိနစ် ၃၀ တရားအားထုတ်ကြရမည်ဖြစ်သည်။ မည်သူမဆိုကြွရောက်၍ နာယူအားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြစ်ရေကြီးခြင်းများ သတိပေးချက်

နေပြည်တော် ဇူလိုင် ၈

ချင်းတွင်းမြစ်ရေသည်ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့၌ ၉၇၁ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၀၀အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည်ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဟုမ္မလင်းမြို့၌ ၃၀၂၁စင်တီမီတာ၊ မော်လိုက်မြို့၌ ၁၃၄၈စင်တီမီတာနှင့် ကလေးဝမြို့၌ ၁၆၇၄စင်တီမီတာ အသီးသီးသို့ရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်တွင် ဟုမ္မလင်းမြို့၌ ၁၂၁စင်တီမီတာ၊ မော်လိုက်မြို့၌ ၁၁၈စင်တီမီတာနှင့် ကလေးဝမြို့၌ ၁၂၄စင်တီမီတာကျော်လွန်နေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈ နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေး ဝေဖန်အကြံပြုချက်များပါ မျက်နှာဖုံးသတင်းဆောင်းပါးဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၈

"အနာဂတ်ဒီမိုကရေစီနိုင်ငံသစ်အတွက် သတင်းလောကအဆင်သင့်ဖြစ်ပြီလား" အကြောင်းနှင့်ပတ်သက်၍ ဝါရင့်သတင်းစာဆရာများ၊ ပညာရှင်ကြီးများ၏ ထင်မြင်သုံးသပ်ချက်များ၊ "ဧရာဝတီသို့ ခရီးသွားခြင်း" ခရီးသွားဆောင်းပါးစသည့် အကြောင်းခြင်းရာဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၄)အမှတ် (၂၆) ယခုတစ်ပတ်ထွက်ရှိလာသည်။

ထို့အပြင် မြန်မာတယ်လီပို့(စ်)နှင့် MPT အင်တာနက်ပေါင်းကာ ရတနာပုံတယ်လီပို့(စ်) အမည်ဖြင့် အင်တာနက်ဝန်ဆောင်မှုများပေးမည်၊ တက္ကစီများ မီတာတပ်ဆင်ပြီး မီတာစနစ်ဖြင့် မကောက်ခံပါက အရေးယူတော့မည်၊ ဒေးဒရဲမြို့နယ် ကျေးရွာများသို့ ရန်ကုန်မီဒီယာဂရု(ပ်)မှ သွားရောက်လှူဒါန်း၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် ခရီးသည်တင်ယာဉ်များ မှတ်တိုင်များတွင် ရပ်မောင်းစနစ်စတင်ကျင့်သုံး၊ သဘာဝဆေးဖက်ဝင်သစ်ခွများ စနစ်တကျစိုက်ပျိုးထုတ်ယူရောင်းချခြင်းနှင့် သစ်တောပြုန်းတီးမှုတားဆီးရန် JICA က သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်၊ နာဂစ်ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးခဲ့သဖြင့် မိုးစပါးပေါ်ချိန်တွင် ရိတ်သိမ်းခြွေလှေ့စက်များလိုအပ်၊ အိတ်ချ်အိုင်ဗွီပိုးရှိသူများ၏ ၈၅ရာခိုင်နှုန်းသည် ခန္ဓာကိုယ်အတွင်း ပိုးရှိမှန်းမသိဟုဆို၊ "နာဂစ်မြစ်ပြင်ဝယ် ကွန်တွေပြန်ပစ်ပြီ" စီးပွားသုံးသပ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အမျိုးသမီးများနှင့်စွမ်းဆောင်ရည်"အကြောင်း စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

နိုင်ငံခေါင်းဆောင်များနှင့် လူထုအကြားဆက်သွယ်မှုကို အင်တာနက်က အကျိုးပြု၊ ငလျင်ကြောင့်နားခိုရာမဲ့ဖြစ်ခဲ့သည့် ခွေးကလေးများကို တရုတ်အမျိုးသမီးကြီးကယ်ဆယ်၊ ဂျပန်-တောင်ကိုရီးယား ပူးပေါင်းပြီးရုပ်သံဇာတ်လမ်းများထုတ်လုပ်မည်၊ မူရှာရက်(ဖ်)က အကြမ်းဖက်သမားများကို ပြင်းထန်စွာ ချေမှုန်းသွားမည်၊ ရေယုန်ကိုကုသရုံဖြင့် HIV ကို ကြိုတင်ကာကွယ်ခြင်းမရှိ၊ လမ်းသင်္ကေတနှင့် အမြန်နှုန်းကန့်သတ်ချက်ကို ဖော်ပြပေးသည့်ကား ဥရောပအတွက် တီထွင်၊ ဂွန်မက်ကိန်းကို ဗီယက်နမ်လူမျိုးထောင်မှူးဟောင်းက ထောက်ခံ၊ "အိပ်ရေးပျက်တယ်၊ ဂေါ်မူကာနဲ့အတူ၊ ဒေဝဉယျာဉ်ထဲ ရောက်နေတာတဲ့" ဟာသကဏ္ဍသစ် "ကိုကင်းဆေးစွဲနေသည့် မုဒိမ်းသမား လူသတ်မှုများ ကျူးလွန်မှုဖြင့် တစ်သက်တစ်ကျွန်းကျခံရဖွယ်ရှိ" နိုင်ငံတကာမှုခင်းရေးရာ၊ "ပြောရဦးမယ်သူတို့က ဒီလိုတဲ့" နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ်စသည့် နိုင်ငံတကာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂ ။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ တေးဂီတအစီအစဉ်
၈း၀၀ ၆။ မိုးယွန်းကြီးရေထိန်းတံခါး
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၉း၀၀၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀ ၄။ သီချင်းကြီးပဒေသာ
၄း၄၀ ၅။ 'ဇင်ဇင်နှင့်ခြင်ကျား' (ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်) (ဒါရိုက်တာ -စင်ရော်မောင်မောင်)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၇။ အတီးပြိုင်ပွဲ
၅း၁၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀၁၀။ ညနေခင်းသတင်း
၆း၃၀၁၁။ မိုးလေဝသအခြေအနေ
၆း၃၅၁၂။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၆း၅၀၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၂၀၁၄။ အကပြိုင်ပွဲ
၇း၃၅၁၅။ "ထူးချွန်အားထား မြန်မာအမျိုးသမီးများ" (အပိုင်း -၂)
၈း၀၀၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း "ဖယောင်းတိုင်" (မင်းမော်ကွန်း၊ နေအောင်၊ ထွန်းထွန်းဝင်း၊ မို့မို့မြင့်အောင်) [ဒါရိုက်တာ-ဝင်းထွန်းထွန်း]**
၂၀။ အစီအစဉ်ပြီး၏။

တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီးများနှင့်လူပုဂ္ဂိုလ်ဂုဏ်ပြုပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲများကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပ၍ တောင်ကုတ်နွယ်ဖွား သံဃာတော်အပါး၆၀တို့အား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်သည်။ အသက် (၈၀) နှင့်အထက်ရှိ အသင်းဝင်များနှင့် မိဘများအမည်စာရင်းနှင့် ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးအမည်စာရင်းများကို ဇူလိုင် ၁၅ ရက် နောက်ဆုံးထား၍ ဦးညီလှိုင်(နာယက) ဖုန်း-၀၉၅၁၆၃၇၀၃၊ ဦးမြင့်အောင် (နာယက) ဖုန်း-၇၂၃၈၄၉ ၊ ဦးစံတင် (နာယက) ဖုန်း-၇၀၉၂၁၈၊ ဦးမင်းရွှေ(ဒုဥက္ကဋ္ဌ) ဖုန်း-၅၉၉၂၃၉ တို့ထံ အချိန်မီစာရင်းပေးကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ) တောင်ကုတ်မြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန်နှင့် နံနက်စာဆွမ်း၊ ထမင်းဟင်းတို့ဖြင့် ဧည့်ခံကျွေးမွေး လှူဒါန်းမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ မုန်တိုင်းသင့်ဒေသ ပြန်လည်ထူထောင်ရေးကြိုးပမ်းမှု ကုလသမဂ္ဂ ယူနီဆက်အဖွဲ့ ချီးကျူး

ကုလသမဂ္ဂ ဇူလိုင် ၈

မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းကျရောက်ခဲ့သည့်ဒေသများ၌ ထောက်ပံ့ပို့ဆောင်ရေး အခက်အခဲများရှိသည့်ကြားမှပင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းလုပ်ဆောင်ချက်များမှာ များစွာတိုးတက်အောင်မြင်လျက်ရှိကြောင်း ကုလသမဂ္ဂ အေဂျင်စီတစ်ခုဖြစ်သည့် ယူနီဆက်အဖွဲ့က တနင်္လာနေ့တွင် ကြေညာခဲ့သည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မြန်မာနိုင်ငံအစိုးရက ငွေကြေး အများအပြား သတ်မှတ်သုံးစွဲခဲ့ကြောင်း ယူနီဆက်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဇာဖရင်ချောက်ဒရီက အေပီသို့ပြောကြားလိုက်ပြီး စေတနာရှင်တစ်ဦးချင်းစီ၏ ကူညီပံ့ပိုးဆောင်ရွက်မှုများကိုလည်း ချီးကျူးလိုက်သည်။

မေ ၂ရက်နှင့် ၃ရက်က မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နာဂစ်မုန်တိုင်း အကြီးအကျယ် ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ပြည်သူ ၈၄၅၃၇ ဦး အသက်ဆုံးရှုံးပြီး ၅၃၈၃၆ ဦး ပျောက်ဆုံးနေသည်။

မီးစ်ချောက်ဒရီက ဆက်လက်ပြောကြားရာ၌ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ရသည်မှာ တုန်လှုပ်ဖွယ်ကောင်းကြောင်း၊ အခြေအနေမှာ မုန်တိုင်းသင့်ဒေသသို့ အရောက်သွားရန်ပင် မလွယ်ကူကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသအများစုမှာ ရေလမ်းဖြင့်သာ သွားလာရောက်ရှိနိုင်ကြောင်း၊ ကုန်းလမ်းခရီးဖြင့် မပေါက်ရောက်သည့်နေရာများသို့ လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများကို လေကြောင်းမှပေးပို့ရန်အတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာ အစီအစဉ်ကိုယ်စား စင်းလုံးငှားသည့် ရဟတ်ယာဉ်များကိုလည်း အသုံးပြုကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများနှင့် အကူအညီများ ဝေးလံခေါင်းပါးသည့် ဒေသအများအပြားသို့ ရောက်ရှိသည်ကို မိမိတို့ကိုယ်တိုင် လေ့လာသိရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံ၏ လေဘေးထိခိုက်ဆုံးရှုံးမှုမှာ ၂၀၀၄ခုနှစ်ကုန်က အိန္ဒိယသမုဒ္ဒရာ၌ ပေါ်ပေါက်သည့် ဆူနာမီဒီလှိုင်းဒဏ်ခံခဲ့ရသည့်နိုင်ငံများ ကြုံတွေ့ရသော ထိခိုက်ဆုံးရှုံးမှုများနှင့် နှိုင်းယှဉ်၍ရသည်။

ဆူနာမီ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ၎င်းတို့နိုင်ငံက ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများနှင့် နှိုင်းယှဉ်ကာ မြန်မာနိုင်ငံ၏ ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုမှာ အားရဖွယ်ကောင်းကြောင်း အင်ဒိုနီးရှားကျွမ်းကျင်သူတစ်ဦးက ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ကျင်းပခဲ့သည့် ဘေးအန္တရာယ်ကျရောက်အပြီး တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးအခြေအနေ သုံးသပ်ရေး အစည်းအဝေး၌ အင်ဒိုနီးရှားနိုင်ငံ အာချေးနှင့် အင်လပ်ဒေသဆိုင်ရာ ဆူနာမီပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့မှ ကျွမ်းကျင်သူ ဟေရူးပရာဆက်ယိုက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ ထိုအစည်းအဝေး၌ မြန်မာအစိုးရ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ကိုယ်စားလှယ်များပါဝင်သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏လုပ်ငန်းနှင့် အနာဂတ်တာဝန်များကို လေ့လာသုံးသပ်ခဲ့ကြသည်။

မြန်မာနိုင်ငံ၌ နာဂစ်မုန်တိုင်း ကျရောက်ဖျက်ဆီးမှုအပေါ် တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ ကြိုးပမ်းမှုများမှာ ရက်သတ္တရှစ်ပတ်မြောက်ကာလတိုးတက်မှုအခြေအနေကို သုံးသပ်ပါက အာချေးဒေသ ဆူနာမီ သဘာဝဘေးအန္တရာယ်ကျရောက်စဉ်ကာလ ကိုင်တွယ်ဖြေရှင်းမှုနှင့် နှိုင်းယှဉ်လျှင် များစွာတိုးတက်သာလွန်ကြောင်းတွေ့ရသည်ဟု အစည်းအဝေးတွင် ဟေရူး ပရာဆက်ယိုက သုံးသပ်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ မုန်တိုင်းဒဏ်ခံရသည့်ဒေသများသို့ ကွင်းဆင်းလေ့လာသည့် အာဆီယံဦးဆောင်သော နာဂစ်မုန်တိုင်းအပြီး ပူးတွဲဆန်းစစ်လေ့လာရေးအဖွဲ့က ပြီးခဲ့သည့်လကုန်ပိုင်းတွင် ပဏာမတွေ့ရှိချက်များကို ထုတ်ပြန်ရာ၌ မုန်တိုင်းကျရောက်ပြီးနောက် သေဆုံး၊ ရောဂါဘယ ထူပြောမှုများဆက်တိုက်ဖြစ်လာဖွယ် စိုးရိမ်စရာအခြေအနေများ မတွေ့ရှိရ ဟုဆိုသည်။

ထိုအဖွဲ့၏ အစီရင်ခံစာ အပြည့်အစုံကို စင်ကာပူနိုင်ငံ၌ ဇူလိုင် ၂၀ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးတွင် ထုတ်ပြန်မည်ဟု ယူဆရသည်။ ***အင်တာနက်။***

ကုန်တင်လေယာဉ် ကိုလံဘီယာနိုင်ငံတွင် ပျက်ကျ

လေယာဉ်ပေါ်ပါသူ ရှစ်ဦးအသက်ရှင်၊ မြေပြင်မှ သုံးဦးသေဆုံး

ဘိုဂိုတာ ဇူလိုင် ၈

ကိုလံဘီယာနိုင်ငံမြို့တော် ဘိုဂိုတာရှိလူနေအိမ်အနီးတွင် ဇူလိုင် ၇ ရက်က ၇၄၇- ၂၀၀ ကုန်တင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ မြေပြင်ပေါ်ရှိ လူသုံးဦးသေဆုံးခဲ့သည်။ သို့သော် လေယာဉ်ပေါ်လိုက်ပါသွားသူ ရှစ်ဦးစလုံးမှာ အသက်ရှင်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

အခင်းဖြစ်ပွားရခြင်းမှာ လေယာဉ်အင်ဂျင်တစ်လုံး မီးလောင်မှုကြောင့် ပျက်ကျခဲ့ရခြင်းဖြစ်သည်ဟု မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အသက် (၁၄) နှစ်အရွယ် လူငယ်တစ်ဦးမှာ ၎င်း၏နေအိမ်၌ အိပ်ပျော်နေစဉ်အတွင်း အဆိုပါလေယာဉ် ပျက်ကျသဖြင့် သေဆုံးသွားရသည်ဟု သိရသည်။

ထိုလေယာဉ်သည် ဘိုဂိုတာမှ ပျံတက်သွားပြီးနောက် မိနစ်အနည်းငယ်အကြာတွင် ပျက်ကျခဲ့ရပြီး ပျက်ကျသွားသည့် လေယာဉ်အပျက်အစီးအပိုင်းအစများကို ရုပ်မြင်သံကြားသတင်း၌ ပြသသွားသည်။

အဆိုပါလေယာဉ်မှာ ဆန်ကျူရီယမ်ကုမ္ပဏီက ပြေးဆွဲနေသော လေယာဉ်ဖြစ်ပြီး အမေရိကန်ဈေးကွက်သို့ ယာဉ်များတင်ပို့နေသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အသက် ၇၀ အမျိုးသမီး အမြွှာပူးမွေးဖွား

နယူးဒေလီ ဇူလိုင် ၆

အိန္ဒိယနိုင်ငံအနောက်ပိုင်းဥတာပရာဒက်ရှ် ပြည်နယ်မြောက်ပိုင်းတွင် အသက် (၇၀) ရှိ အမျိုးသမီးသည် အမြွှာကလေးကို မွေးဖွားခဲ့သည်။အိုကာရီပန်ဝါတွင်အသက်အထောက်အထားကို အတည်ပြုပေးနိုင်မည့် မွေးစာရင်း မရှိပေ။ သို့သော် ၎င်း၏ အသက်အရွယ်တွင် ကလေးမွေးဖွားခဲ့လျှင် ကမ္ဘာတွင် အသက်အရွယ် အကြီးဆုံး ကလေးမွေးနိုင်သည့် မိခင်ဖြစ်လာမည်ဖြစ်သည်။ ၎င်းသည် ကိုယ်အလေးချိန်နှစ်ပေါင်ရှိယောက်ျားလေးနှင့် မိန်းကလေးအမြွှာကို မွေးရမည့် အချိန်ထက် တစ်လမျှစော၍ ဗိုက်ခွဲမွေးဖွားခဲ့သည်။ ***အင်တာနက်။***

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ယခုနှစ်မုန်တိုင်းရာသီတွင် ပထမဆုံးတိုက်ခတ်သော ဘာသာမုန်တိုင်းကို ဘာမျူဒါဒေသမှ အရှေ့တောင်ဘက် မိုင်၁၀၀၀ကျော်အကွာတွင် ဗဟိုပြုတိုက်ခတ်နေသည်ကို ဇူလိုင် ၇ ရက် ဂြိုဟ်တုဓာတ်ပုံမှတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် တာတာအမျိုးသားများ၏ စိုက်ပျိုးမှုပြီးစီးသည့် အထိမ်းအမှတ် ရိုးရာပွဲတွင် တာတာအမျိုးသမီးကြီး တစ်ဦး ရက်ကန်းပြိုင်ပွဲ ဝင်နေသည်ကို ဇူလိုင် ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံအနှံ့ မိုးသည်းထန် ၁၂ ဦး သေဆုံး၍ လူသုံးသန်း အတိဒုက္ခရောက်နေ

ပေကျင်း ဇူလိုင် ၆

တရုတ်နိုင်ငံ အနှံ့အပြားတွင် အင်္ဂါနေ့မှစ၍ သည်းထန်စွာရွာနေသော မိုးကြောင့် ရေကြီးမှုဖြစ်သဖြင့် လူ ၁၂ဦး သေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးကာ လူပေါင်းသုံးသန်း အတိဒုက္ခရောက်ကြရကြောင်း ဒေသမီဒီယာသတင်းက ဖော်ပြသည်။ မိုးမုန်တိုင်းကြောင့်ယန်စီမြစ်၏မြစ်ကျဉ်းသုံးသွယ်ဒေသတွင် သဘော်ာ အသွားအလာများ ရွှေ့ဆိုင်းထားသည်သာမက လေယာဉ် ခရီးစဉ်များကိုလည်း ရပ်ဆိုင်းခဲ့ရသည်။ ထို့အပြင် မြို့ပြဒေသများတွင် ရေလျှံသဖြင့် မော်တော်ယာဉ် အသွားအလာများ ပိတ်ဆို့သွားပြီး နေအိမ်အချို့လည်း ပျက်စီးကာ စိုက်ပျိုးမြေအများအပြားလည်း ရေမြုပ်သွားရသည်။

အလယ်ပိုင်း ဟူဘေးပြည်နယ်နှင့် အနောက်တောင်ပိုင်း ယူနန်ပြည်နယ်များတွင် စနေနေ့အထိ ရရှိသောသတင်းအရ မိုးသည်းထန်မှုကြောင့် လူခြောက်ဦးသေဆုံးကြောင်း သိရသည်။ ***အင်တာနက်။***

ထိုင်းတောင်ပိုင်း ကော်ဖီဆိုင်၌ သောင်းကျန်းသူများ ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံး

ဗန်ကောက် ဇူလိုင် ၆

ထိုင်းနိုင်ငံတွင် မငြိမ်မသက်ဖြစ်နေသည့် တောင်ပိုင်း၌ လူများပြားသည့် ကော်ဖီဆိုင်တွင် စနေနေ့နံနက်က အကြမ်းဖက်သမားများဟု သင်္ကာမကင်းဖြစ်ရသူများ၏ ပစ်ခတ်မှုကြောင့် စားသောက်နေသူသုံးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

သောင်းကျန်းသူများက အခင်းဖြစ်ပွားရာနေရာသို့ ပစ်မှတ်ထားကာ ရောက်ရှိလာသည်။ အဆိုပါ သောင်းကျန်းသူများအနက် နှစ်ဦးသည် ဆိုင်တွင်း၌နံနက်စာသုံးဆောင်နေသူများရှိနေစဉ်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့မှ ဗိုလ်ချုပ်ဆာအန်ချီကီဆာရင်က ပြောကြားသည်။ ထို့နောက် လက်နက်ကိုင် သောင်းကျန်းသူများသည် ကားဖြင့်မောင်းနှင်ထွက်သွားခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ထိုဆိုင်မှာ ရဲနှင့်စစ်ဘက်တပ်ဖွဲ့ဝင်များ စားသောက်လေ့ရှိသည့် ဆိုင်ဖြစ်သည်။ မြို့တော်ဗန်ကောက် တောင်ပိုင်း မိုင် ၄၈၀ အကွာရှိ ယာလာပြည်နယ်၏ ရာမန်ဒေသတွင် ပစ်ခတ်မှု ကြုံတွေ့ရလေ့ရှိကြောင်း ၎င်းကပြောကြားသည်။အခင်းဖြစ်ရာနေရာတွင် သုံးဦး သေဆုံးပြီး ဒဏ်ရာရရှိသူ လေးဦးရှိသည်။ ဒဏ်ရာရသူများကို ဒေသဆိုင်ရာဆေးရုံသို့ တင်ထားရသည်။ သေဆုံးသူများသည် မည်သည့် နိုင်ငံသားများဖြစ် သည်ကို ချက်ချင်း မပြောကြားနိုင်သေးပေ။

ထိုင်းနိုင်ငံ တောင်ပိုင်းပြည်နယ်၌ ၂၀၀၄ခုနှစ်အစောပိုင်းတွင်အကြမ်းဖက်မှု ပြန်လည်ခေါင်းထောင်လာပြီး ထိုအချိန်မှစ၍ ဖြစ်ပေါ်သော မငြိမ်မသက်မှုကြောင့် ပြည်သူ ၃၀၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။ ***အင်တာနက်။***

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

အင်ဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ

ကွမ်းခြံကုန်းမြို့ ကန်ကြီးပိုင်းရပ်ကွက်၌ ကျင်းပသော လေဘေး ပြန်လည်ထူထောင်ရေး ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်ပွဲ၌ ခင်းကျင်း ပြသထားသော အင်ဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

(သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း ပျက်ပြယ်

နေပြည်တော် ဇူလိုင် ၈

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)